ကြေးမုံ

The Mirror

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ သောကြာနေ့ (21-11-2008) (၅၈၆၉)


## တပေါစ တော် မင်္ဂလ မုတ္တမံ

**ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

**ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် China Chamber of International Commerce, Tianjin Chamber of Commerce တို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)




### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် China Chamber of International Commerce, Tianjin Chamber of Commerce တို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# ကဒုံတစ်ခွင် ကဏန်း၊ ငါးနှင့်ပုစွန်လုပ်ငန်း တိုးတက်အောင်မြင်၊ လုပ်ကိုင်သူများ ဝင်ငွေတိုးပွား အကျိုးများ၍ ဒေသဖွံ့ဖြိုးတိုးတက်

**မော်ကျွန်း-မြင့်အောင် (ပြန်/ဆက်)**

**ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သောအားဖြင့် မြန်မာ့ရေလုပ်ငန်းမှ ထွက်ကုန်ပစ္စည်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့်အပြင် ပြည်သူများလည်း ငါးမျိုးစုံနှင့် ပုစွန်များကို ဈေးနှုန်းချိုသာစွာဖြင့် ပေါပေါများများ ဝဝလင်လင် စားသုံးနိုင်ကြမည်ဖြစ်ပါသည်။**

အကြောင်းမူ မြန်မာ့ပင်လယ်ပြင်နှင့် မြစ်၊ ချောင်း၊အင်း၊ အိုင်များတွင် ငါးပုစွန်များက အလျှံပယ်ပေါများကြွယ်ဝလှသည်။ ရေမြေသဘာဝ၊ ရေသယံဇာတအရ မြန်မာ့ရေ၊ မြန်မာ့မြေတွင် ငါးပုစွန်များ ပျော်ပိုက်ကျက်စားကြသည်။

ထို့ကြောင့်လည်း စာရေးသူတို့သတင်းအဖွဲ့သည် ပင်လယ်ပိုင်းဒေသ ကဒုံကနိနယ်မြေ၏ ကဏန်း၊ ငါးနှင့် ပုစွန်ရောင်းဝယ်မှုလုပ်ငန်းများကို ပြည်သူများထံ အသိပေးတင်ပြနိုင်ရန်အတွက် နိုဝင်ဘာ ၉ ရက် နံနက် ၅ နာရီက ဘိုကလေးမြို့မှ ကဒုံ-ဘိုကလေး ရေယာဉ်ဖြင့် ကဒုံကနိသို့ သွားရောက်ခဲ့ပါသည်။

ဆောင်းဦးနံနက်ခင်းမို့ အအေးဓာတ်က ချမ်းတစိမ့်စိမ့်ပင်။ အလင်းရောင်ဖျော့တော့တော့အောက်တွင် ဘိုကလေးမြို့မှာ နှိုးထစပင် ရှိသေးသည်။ မြစ်ပြင်ကျယ်ထဲတွင် ငွေနှင်းမှုန်ဖြူလွလွတို့ သက်ဆင်းနေဆဲ။ ဇာပဝါလွှားခြုံထားသည့်နှယ်။

ဘိုကလေး-ကဒုံ ရေယာဉ်သည် အအေးဓာတ်ကို ကြံ့ကြံ့ခံလျက် သူ့တာဝန်အတိုင်း ခရီးဆက်နေသည်။ လမ်းတစ်လျှောက် လှေ၊ သမ္ဗန်တို့ပေါ်တွင် ဒေသထွက်ကုန်နှင့် ဟင်းသီးဟင်းရွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳



**ကဒုံကနိ နယ်မြေအနီးတွင် ငါးဖောင်များကို အစီအရီ တွေ့မြင်ရစဉ်။**

ကြေးမုံ The Mirror

၂၁-၁၁-၂၀၀၈
(သောကြာနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စိုက်ပျိုးရေရရှိရေး ကြိုးပမ်းဖော်ဆောင် သီးနှံစုံ သီးထပ် သီးညှပ်တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံတွင် မိုးစပါး၊ နွေစပါးစုစုပေါင်း ဧကသန်း ၂၀ ကျော် စိုက်ပျိုးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်နေသည်ဖြစ်ရာ စပါးနှင့်အခြားသီးနှံများ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး အခါမလပ် အားပေးဖြည့်ဆည်းပေးနေသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် နိုင်ငံတစ်ဝန်း၌ ဆည်တမံ ရေထိန်းတံခါးပေါင်း ၂၁၆ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခုတို့ကို ဖြန့်ကြက်တည်ဆောက်ပေးထားသည်။ တစ်ချိန်တည်းတွင် တောင်သူလယ်သမားများ အထွက်တိုး စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်စွာစိုက်ပျိုးရေး၊ လယ်ယာသုံး စက်ကိရိယာများ ရယူအသုံးပြုနိုင်ရေးတို့ကိုလည်း အားပေးကူညီလျက်ရှိရာ သီးနှံစိုက်ပျိုးမှုများ အောင်မြင်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆည်တမံစီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများနှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် မိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဒေါင်းမြှုးရေလှောင်တမံ၊ ကန့်ဒေါင့်ရေလှောင်တမံ၊ မြောက်ယမားတိုးချဲ့ ရေသောက်စနစ်တည်ဆောက်ရေး၊ ကျောက်ချပ်ရေလှောင်တမံ၊ ရေဘုတ်ကြီးရေလှောင်တမံတို့ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အပြင် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ပြီး နွေရာသီ၌ ရေချိုဖြင့် သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ရေထိန်းတံခါးများကိုလည်း မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ တည်ဆောက်သွားမည်ဖြစ်သည်။ အလားတူ ဆည်ငယ်၊ ကန်ငယ်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း မန္တလေးတိုင်းအတွင်း၌ ဆောင်ရွက်လျက်ရှိရာ ရေသွင်းစိုက်ဧရိယာများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်က ဆည်တမံ၊ ရေရရှိရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိရာ ဒေသအလိုက် သီးနှံစုံ သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့အတွက် ပိုမိုအထောက်အကူပြုမည်ဖြစ်ပါသည်။ ။

# အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်း (Training of Trainers on Respiratory Infection Control )ဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါသင်တန်းသို့ ပြည်နယ်၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးများနှင့် ပြည်နယ်၊ တိုင်းအဆင့် ဆေးရုံအုပ်ကြီး ၃၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၉ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**အမှာစကားပြောကြား**

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ **မြဦး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လူမှုဝန်ထမ်းဦးစီးဌာနသို့ ကလေးကစားစရာ အရုပ်များလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနနှင့် လူငယ်သင်တန်းကျောင်းများအတွက် ငွေကျပ် ၁၁၅ သိန်းနှစ်သောင်း တန်ဖိုးရှိ ကလေးကစားစရာအရုပ် ၉၆၀ ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှက နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်ထံ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနနှင့် လူငယ်သင်တန်း ကျောင်းများအတွက် ငွေကျပ် ၁၁၅ သိန်းနှစ်သောင်းတန်ဖိုးရှိ ကလေးကစားစရာအရုပ် ၉၆၀ ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှ ပေးအပ်လှူဒါန်းစဉ်။** (လူမှုဝန်ထမ်း)

# အထက(၃)လှိုင် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အထက (၃)လှိုင် အိုကေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့)တွင် အထက (၃)လှိုင် (အိုကေကျောင်း) ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ အခမ်းအနားသို့ တက်ရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

# နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကူမဲအထကတို့ ပူးပေါင်း၍ စာဖတ်သူတိုးပွားရေးနှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၃ရက်က ကူမဲ အထက ဘုရင့်နောင်ခန်းမဆောင်၌ကျင်းပရာကျောင်းအုပ်ဆရာကြီး ဦးညွှန့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးညွှန့်ရွှေ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုးလှိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်တို့က စာပေအကြောင်း သိကောင်းစရာများကို အသီးသီးဟောပြောပြီး ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုကြကြောင်း သိရှိရသည်။

**(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)



**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ငါးသိုင်းချောင်း(အထက) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ (အထက)၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (အထက) ခန်းမကြီး၌ ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇၊ ဦးခင်မောင်လွင် ဖုန်း-၂၄၅၁၃၆၊ ဦးအုံးမြင့် ဖုန်း-၇၂၃၇၅၆၊ ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆၊ ဒေါက်တာခင်မောင်လှိုင် ဖုန်း-၅၀၃၄၂၈၊ မစူး(သဇင်နွယ်) ပုသိမ်မြို့ ဗိုလ်ကြီးဆန်းဝင်းနှင့် ငါးသိုင်းချောင်းမြို့ ဦးလှဝင်း(ထွေ/အုပ်) ဖုန်း ၀၄၆-၆၀၀၆၉၊ မောင်တင့်လွင် (စင်ထရယ်စတိုး)ဖုန်း ၀၄၆-၆၀၀၇၃ တို့သို့ လှူဒါန်းနိုင်သည်။ (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၁၅ | ၄။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၃၀ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၀ | ၇။ | မြန်မာစာမြန်မာစကား |
| ၅း၀၀ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၂၄)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ငါးကလေး (အပိုင်း -၉)** |
| | ၂၃။ | သင့်အတွက် မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |





ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

# ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၇ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ထို့နောက် ပြည်နယ်နှင့်တိုင်း မန်နေဂျာများက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း၊ ကြေးနန်း လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲများက ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ပြည်နယ်နှင့်တိုင်း မန်နေဂျာများနှင့် ပေါင်းစပ်ညှိနှိုင်း တင်ပြကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းကျန်းမာရေး အဆင့်မြင့် ကျောင်း ထူထောင်ရေးနည်းပြ ဆင့်ပွားသင်တန်းနှင့် စံပြကျောင်း ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က အထက(၂) ပုဇွန်တောင် ကျောင်း၌ကျင်းပရာ မူလတန်းဆင့် ကျောင်းကျန်းမာရေး စံပြပထမဆုရ အမက(၆) ပုဇွန်တောင်ကျောင်းအား မြို့နယ်ဆရာဝန်ကြီး ဒေါ်ရင်ရင်မြင့်က ဆုချီးမြှင့်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက လက်ခံယူစဉ်။** (မြို့နယ်ပြန်/ဆက်)

# ပြိုင်ပွဲဝင်ပန်းချီကားများ စတင်လက်ခံ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ ကူညီမှုဖြင့် ထွန်းဖောင်ဒေးရှင်းဘဏ်က စီစဉ်ကျင်းပသည့် Best Paintings of the year 2008 ပန်းချီပြိုင်ပွဲ၊ ပြပွဲအတွက် ဓာတ်ပုံနှင့်စီဒီပေးပို့ထားသော ပြိုင်ပွဲဝင် ပန်းချီပညာရှင်များအားလုံး၏ မူရင်းပန်းချီကားများကို ပန်းချီကားရှေ့ဘက်၌ လက်မှတ်ရေးထိုးလျက် ပေးပို့ကြရပါမည်။ ချိတ်ဆွဲခင်းကျင်းပြသမည်ဖြစ်၍ ပေါင်ပါလျှင် ပိုမိုကောင်းမွန်ပြီး ပန်းချီကားများကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ (စနေ၊ တနင်္ဂနွေ မပါ) ရုံးချိန်အတွင်း သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ထွန်းဖောင်ဒေးရှင်းရုံးသို့ ပေးပို့ကြရန် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။ (ကြေးမုံ)

# ^TheLIVE NEWS ဂျာနယ်အမှတ်(၁၀၇) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ယခုတစ်ပတ်ထုတ် ^TheLIVE NEWS ဂျာနယ်အမှတ်(၁၀၇)တွင် မြင်းမူမောင်နိုင်မိုး၏အောင်မြင်ခြင်း၊ ကျေးဇူး၊ နီမင်းဆွေ၏ကမ္ဘာကြီးအတွက် စကားတစ်ခွန်း(၂)၊ ကိုကိုလှိုင်၏ သီရိလင်္ကာပြည်တွင်းစစ်နှင့် အင်အားနိုင်ငံရေး၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ(Round-about)(8)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည်အပိုင်း(၁)၊ အောင်လျှမ်းဝေ၏လွမ်းငွေ့မပြေ ချယ်ရီမြေ(၁၀)၊ အာရှမိုး၏ကြိုးစားက သမ္မတဖြစ်၊ လေးလေးသောင်း(မြရာပင်)၏ ငလျင်အန္တရာယ်တွန်းလှန်မည့်သူများ၊ ဒေါက်တာဝင်းလေး(တောင်ကြီး)၏ ရာသီပန်းလေးလန်းစေချင်၊ Examplez အဖွဲ့က ထူးကျော်နဲ့ အမှတ်မထင်တွေ့ဆုံခြင်း၊ ဟီလာရီကလင်တန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာမည်လော၊ အာရှကို ပိုမိုမှီခိုအားထားရတော့မယ့် အမေရိကန်စီးပွားရေး အခြေအနေ၊ ဂျပန်စီးပွားရေးကိုချွေးသိပ်နေတဲ့ ဝန်ကြီးချုပ်တာရိုအာဆို၊ အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံတိုက်ခိုက်မှုများတိုးပွားလာ၊ အီရန်နိုင်ငံက မျိုးဆက်သစ်တာလတ်ပစ်ဒုံးပျံစမ်းသပ်ခဲ့၊ ပင်လယ်ပျော်မင်းသားအပိုင်း(၄၉၊၅၀)၊ လေကြောင်းမြို့တော် အပိုင်း(၁၅၊၁၆၊၁၇၊၁၈-ဇာတ်သိမ်း)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

^TheLIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက် ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင်-၅၈၅၀/-၊ ခြောက်လ-၂၆စောင်-၁၁၇၀၀/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊အမှတ်(၃၁၀)၊ အခန်း(၀၀၄)ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# VERTEX Co., Ltd. မှ AMRI International Hospital မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

VERTEX Co., Ltd. က ကြီးမှူးကျင်းပသော AMRI Hospitals (Advanced Medicare and Reserch Institute Ltd.) ကမ္ဘာ့အဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုဌာနမိတ်ဆက်ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၆ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Ballroom ၌ ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆေးဘက်ဆိုင်ရာ အဆင့်မြင့်ပညာရှင်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ မိတ်ဆက်ရှင်းလင်းပွဲတွင် ရှေးဦးစွာ ဆရာဝန်ကြီး ဒေါက်တာဦးစောနိုင်က AMRI ဆေးရုံမှ သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး Dr. Pronab Dasgupta ၊ ဓာတ်မှန်အထူးကု ဆရာဝန်ကြီး Dr. Kalyan Bhattacharya၊ နှလုံး အထူးကု ဆရာဝန်ကြီး Dr. K M Mandana ၊ အာရုံကြောဆိုင်ရာ အထူးကု ဆရာဝန်ကြီး Dr. Jayanta Ray တို့က ဘာသာရပ်ဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ဆရာဝန်များ၏ သိရှိလိုသည်များကို ဖြေကြားရှင်းလင်းကာ တက်ရောက်လာသူများအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

AMRI ဆေးရုံနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက VERTEX Co., Ltd. အမှတ်(F-28) ဒုတိယထပ် ပုလဲကွန်ဒို၊ Block B ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း(၀၉-၅၁၇၃၆၇၁၊ ၀၉-၅၁၀၉၇၄၈၊ ၀၁-၅၄၁၃၁၂၊ ၀၁-၅၅၄၂၉၁)၊ ဖက်စ် (၅၄၅၉၈၃)၊ E-mail: amrihospitals. man @ gmail. com တွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





**ဆရာဝန်ကြီး ဒေါက်တာဦးစောနိုင် မိတ်ဆက်အမှာစကားပြောကြားစဉ်။**

# အမျိုးသားနေ့အစိဗ္ဗာန်

- သည်နေ့သော်ကား၊
ကျူးကျော်သွေးစုပ်၊ နယ်ချဲ့ယုတ်ကို
တိုက်ထုတ်တော်လှန်၊ သန္ဓေမှန်သည့်
ဝေဖန်ပိုင်းခြား၊ သိစိတ်များကို
မွေးဖွားပေးရာ၊ နေ့မဟာတည့်။

- မြန်မာခုနှစ်၊ သက္ကရာဇ်၏
တစ်နှစ် ရှစ်နှစ်၊ သူ့ကျွန်ခေတ်တည့်
ရှစ်လမြောက်တုန်း၊ တန်ဆောင်မုန်း၏
တင့်ဆုံးလပြည့်၊ ကျော်လွန်မွေ့သည့်
ထိုနေ့ဆယ်ရက်၊ ချိန်နံနက်ဝယ်
တက္ကသိုလ်အက်၊ ဖိနှိပ်ချက်ကို
အကွက်ပိုင်ပိုင်၊ အားသစ်မြိုင်၍
ရင်ဆိုင်တော်လှန်၊ မျိုးချစ်မာန်ဖြင့်
ဝံသာနုစိတ်၊ ပေါင်းစုဟိတ်ကြောင့်
အတိတ်ဖြစ်စဉ်၊ အောင်ပွဲဆင်၏။

- သတိပြုစရာ၊ ခုချိန်ခါဝယ်
မာယာပြောင်းခဲ့၊ ထိုနယ်ချဲ့သည်
ခေတ်ဘွဲ့လွမ်းတေး၊ သူဟာစ်ကြွေး၍
ခွင့်ရေးတူညီ၊ ရစေမည်ဟု
မညီပျက်လွဲ၊ စိတ်ဝမ်းကွဲအောင်
သွေးခွဲသပ်ထိုး၊ အကျင့်ဆိုးဖြင့်
ကြိုးဆွဲရာက၊ ခိုင်းတိုင်းရမည့်
မနင်္ဂွေပေး၊ နောက်လိုက်မွေး၏။

- ခေတ်သစ်ကိုလိုနီ၊ သီဝရီကို
ညီနောင်ချင့်ထောက်၊ သဘောပေါက်၍
ဒို့လျှောက်ရာလမ်း၊ ဒို့စခန်းကို
လန်းဆန်းခက်ဝေ၊ အောင်သပြေနှင့်
တို့တွေညီညာ၊ စည်းလုံးကာလျှင်
ဝံသာနုသွေး၊ အားသစ်မွေး၍
ပြည်ရေးကိုချီ၊ အောင်တေးသီအံ့
တူညီပေါင်းလို့၊ ဆောင်ရွက်စို့။ ။

**(၈၈)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-**

**ပန်းတောင်းသန်းကြွယ်**

# မိတ္ထီလာ အထက(၂) မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

၁၉၅၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မိတ္ထီလာမြို့ အထက(၂)တွင် ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီး ၁၀၅ဦးတို့အား ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ၂၇ရက် နံနက် ၉နာရီတွင် မိတ္ထီလာမြို့ အထက(၂)ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကျောင်းအုပ်ကြီး အထက(၂) မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၃၄၀၄၊ ဦးစောဌေး ဖုန်း-၀၆၄-၂၃၆၆၀၊ ၀၆၄-၂၃၀၇၀၊ ဦးတင်ထွေး(ဝင်းမာလာစတိုး) ဖုန်း-၀၆၄-၂၄၇၂၀၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးစုမြိုင် ဖုန်း-၀၁-၅၈၄၇၈၈၊ ဦးဆန်းမောင်(မန္တလေး)ဖုန်း-၀၉-၂၀၀၆၂၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)






သီရိလင်္ကာနိုင်ငံ ရေတပ်မှ ကင်းလှည့်နေသော စစ်ရေယာဉ် နှစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အသေခံဗုံးဖောက်ခွဲမှုကြောင့် အာဖဂန်နစ္စတန်တွင် သုံးဦးသေဆုံး

**ကန်ဒါဟာ နိုဝင်ဘာ ၂၀**

ရဲဝတ်စုံဝတ်ဆင်ထားသည့် အသေခံဗုံးဖောက်ခွဲသူတစ်ဦးက အာဖဂန်နစ္စတန်နိုင်ငံ ခရိုင်အစိုးရခြံဝန်းဂိတ်ပေါက်တွင် အသေခံ၍ ဗုံးဖောက်ခွဲရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အသေခံဗုံးဖောက်ခွဲသူက ကန်ဒါဟာပြည်နယ်ရှိ ဒန်းခရိုင်ဌာနချုပ်သို့ ဝင်ရောက်ရန် ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့ဝင်က ရပ်တန့်စေခဲ့ရာမှ ကိုယ်တွင်ပတ်ထားသည့် ဗုံးများကို ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်၏ ပြောရေးဆိုခွင့်ရှိသူ အယိုဘီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးပြီး ခြံဝန်းအတွင်းရှိ အခြားရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဗုံးဖောက်ခွဲမှုကြောင့် ခြံဝန်းအတွင်းရှိ ခရိုင်အာဏာပိုင်များ သေဆုံးမှု မရှိသော်လည်း အဆောက်အအုံ၏ အဓိကဝင်ပေါက် ပျက်စီးခဲ့သည်ဟု ဆိုသည်။

အယိုဘီက ယင်းဖောက်ခွဲမှုသည် တာလီဘန်သူပုန်များ၏လက်ချက်ဟု ပြစ်တင် ပြောကြားသည်။ သို့ရာတွင် အစွန်းရောက်အုပ်စုက ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ချက်ခြင်းကြေညာခြင်း မရှိသေးပေ။ ***အင်တာနက်။***

# သီရိလင်္ကာရေတပ်က တမီးလ်သူပုန်များနှင့် ရေကြောင်းတိုက်ပွဲ ဆင်နွှဲ

**ကိုလံဘို နိုဝင်ဘာ ၂၀**

သီရိလင်္ကာရေတပ်က ကျွန်း၏ အရှေ့မြောက်ပိုင်းကမ်းခြေ၏ ကမ်းလွန်တစ်နေရာတွင် တမီးလ်ကျားသူပုန်များ၏ သင်္ဘောအုပ်စုနှင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း၊ သီရိလင်္ကာအစိုးရ မြေပြင်တပ်ဖွဲ့များက ကျားသူပုန်တို့ ထိန်းချုပ်ထားသည့် မြို့သုံးမြို့အား ပြန်လည်သိမ်းပိုက်ပြီး နောက်တစ်နေ့တွင် ဖော်ပြပါအတိုင်း တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

သီရိလင်္ကာရေတပ်မှ အထူးရေယာဉ်တပ်စုက တမီးလ်ကျားသူပုန်များ၏ သင်္ဘောလေးစင်းအားမူလိုင်တီဘူခရိုင်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သင်္ဘောနှစ်စင်းထက်မနည်းကို ဖျက်စီးခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုအတွင်း ကျားသူပုန် ခြောက်ဦးထက်မနည်း သေဆုံးမှုရှိသည်ဟု ၎င်းက ပြောကြားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုသတင်းကို ချက်ချင်း မရရှိသေးပေ။

သီရိလင်္ကာအစိုးရတပ်ဖွဲ့က သူပုန်များထံမှ မဟာဗျူဟာမြောက်သည့် မြို့သုံးမြို့ကို သိမ်းပိုက်ခဲ့သည်ဟု ကြေညာပြီးနောက် ဖော်ပြပါ ရေကြောင်းတိုက်ပွဲ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန် ကဘူးမြို့တွင် အမေရိကန်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရသောနေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# အာဖဂန်နစ္စတန်တွင် ဂျာမန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

**ကဘူး နိုဝင်ဘာ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် ဂျာမန်ကင်းလှည့်တပ်ဖွဲ့ကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲသဖြင့် တပ်ဖွဲ့ဝင်လေးဦးနှင့် အာဖဂန်အရပ်သား အများအပြား ဒဏ်ရာအနည်းငယ်စီ ရရှိကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင်ဖော်ပြထားသည်။

အဆိုပါဗုံးသည် ဖေဇာဘက်မြို့တွင် တနင်္လာနေ့ မွန်းလွဲပိုင်းက ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

တနင်္ဂနွေနေ့ကလည်း ဗုံးပေါက်ကွဲသဖြင့် အာဖဂန်အရပ်သား နှစ်ဦးသေဆုံးပြီး ဂျာမန်တပ်ဖွဲ့ဝင် နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

တာလီဘန် ပြောက်ကျားများအား ဦးဆောင်တိုက်ခိုက်နေသည့် နေတိုးတပ်ဖွဲ့အား အကူအညီပေးသည့် အနေဖြင့် ဂျာမနီနိုင်ငံက တပ်ဖွဲ့ဝင် ၃၃၀၀ ကို အာဖဂန်မြောက်ပိုင်းတွင် ဖြန့်ကြက်ထားခဲ့သည်။

***အင်တာနက်။***



# ဗီယက်နမ်၌ ကျောက်မီးသွေးတင်သင်္ဘော နစ်မြုပ်

**ဟနွိုင်း နိုဝင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကောင်းနမ်ပြည်နယ်အနီးရှိ ပင်လယ်ပြင်တွင် နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက ကျောက်မီးသွေးတန်ချိန် ၁၅၀၀ တင်ဆောင်လာသော သင်္ဘောတစ်စင်း နစ်မြုပ်ပြီး သင်္ဘောအမှုထမ်း ၁၅ ဦး ပျောက်ဆုံးနေကြောင်း ဗုဒ္ဓဟူးနေ့က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ပုဂ္ဂလိကပိုင်သင်္ဘောသည်ရာသီဥတုဆိုးရွားမှုကြောင့်မတော်တဆ နစ်မြုပ်ခဲ့ရကြောင်း ဗီယက်နမ် သတင်းဝက်ဘ်ဆိုက်မှ ဖော်ပြသည်။

ပြည်တွင်းရေကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပျောက်ဆုံးနေသော သင်္ဘောသားများကိုရှာဖွေရန် ကယ်ဆယ်ရေးသင်္ဘောများ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် တိုက်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးရွာပြီး လှိုင်းကြီးနေသည့်အတွက် ကယ်ဆယ်ရေး လုပ်ငန်းမှာ အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း ယင်းဝက်ဘ်ဆိုက်မှပင် ဖော်ပြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘရာဇီး တောင်ပိုင်း၌ ဆေးခြောက်များ ဖမ်းမိ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၀**

ဘရာဇီးနိုင်ငံတောင်ပိုင်း၌ နိုဝင်ဘာ ၁၇ ရက်က ဆေးခြောက် ၅၈၆ ကီလိုကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း အင်္ဂါနေ့တွင် ပြည်တွင်းသတင်းဌာနများက ဖော်ပြသည်။

လွန်ခဲ့သောမေလက ဆေးခြောက် တစ်တန်ကို သိမ်းဆည်းရမိပြီးနောက် ဆန်တာဆီတာရီနာပြည်နယ် တောင်ပိုင်းတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ ဒုတိယအများဆုံး ဖြစ်သည်။

ယင်းဆေးခြောက်များကို ပါရာဂွေးနိုင်ငံမှ ဝယ်ယူခဲ့ပြီး ဆန်တာဆီတာရီနာ ပြည်နယ် ဂျိုင်းဗေလေဒေသတွင် ရောင်းချရန်ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ မူးယစ်ဆေးဝါး မှောင်ခိုသမားနှစ်ဦးကိုလည်း ဖမ်းဆီးရမိထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ မြောက်ပိုင်း နင်နီးဗားဒေသတွင် လမ်းဘေးဗုံး ထိမှန်သွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# မက္ကဆီကို၌ ယာဉ်တိမ်းမှောက် နှစ်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၀**

မက္ကဆီကိုနိုင်ငံ အရှေ့တောင်ဘက်ရှိ အဝေးပြေးလမ်းမတွင် နိုဝင်ဘာ ၁၇ ရက်က ကလေးအများဆုံး ပါရှိပြီး လူအပြည့်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ နှစ်ဦးထက်မနည်း သေဆုံးပြီး၊ ၄၅ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဘတ်စ်ကားသည် အက်ကာပူကိုဒေသမှ ပြန်လာစဉ် ပူဘလာဒေသရှိ အင်တာအိုရှင်းနစ် အဝေးပြေးလမ်းတွင် တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ကလေးရှစ်ဦးထက်မနည်းမှာ စိုးရိမ်ရသော အခြေအနေရှိသောကြောင့် သေဆုံးသူအရေအတွက် တိုးလာနိုင်စရာရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

# ဇင်ဘာဘွေတွင် ကာလဝမ်းရောဂါ ထပ်မံဖြစ်ပွား၊ ၃၆ ဦး သေဆုံး

**ဟာရာရေး နိုဝင်ဘာ ၂၀**

ဇင်ဘာဘွေနိုင်ငံတောင်ပိုင်း တိုဘက်နယ်စပ်မြို့ ဘိတ်ဘရစ်ဒ်တွင် ကာလဝမ်းရောဂါ နောက်တစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့ရာ ၃၆ ဦး သေဆုံးပြီး ၄၃၁ ဦးကို ဆေးရုံတင်လိုက်ရကြောင်း နိုဝင်ဘာ ၁၈ ရက်ထုတ် ဟာရယ်ဒ်သတင်းစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သောနှစ်ပတ်ကျော်က မြို့တော်ဟာရာရေးတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၃၇ ဦး သေဆုံးခဲ့သည်။ ဟာရာရေးတွင် ယင်းရောဂါဖြစ်ပွားရခြင်းမှာ ရေပေးဝေရေးစနစ်များနှင့် အဓိက သန့်ရှင်းမှုစနစ်များ ဆောင်ရွက်ရာတွင် ဂရုစိုက်မှုလျော့နည်းလာသည့် အတွက်ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဟာရယ်ဒ်သတင်းစာ၌ ဖော်ပြသည်။

နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် ယင်းရောဂါကြောင့် ၃၆ ဦး သေဆုံးရသွားခဲ့ရသည်ဟု ဘိတ်ဘရစ်ဒ်မှ ကျန်းမာရေး အရာရှိ တိုင်ခိုင်တိုင် ကာခွန်ဂါရာက အတည်ပြုခဲ့သည်။ ထို့ပြင် ဘိတ်ဘရစ်ဒ်မြို့ အထွေထွေရောဂါကုဆေးရုံကို ကာလဝမ်းရောဂါကုသရေး ဗဟိုဌာနအဖြစ် သတ်မှတ်ပြီး ရောဂါဖြစ်ပွားသည့် လူနာပေါင်း ၄၃၁ ဦး တင်ထားလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

ကနဦး ရှာဖွေစစ်ဆေးမှုများအရ ယင်းရောဂါ ဖြစ်ပွားရခြင်းသည် နယ်စပ်မြို့မှ ဝယ်ယူပြီး ပြန်ရောင်းသည့် သရက်သီးအစရှိသည့် သစ်သီးဝလံများကြောင့်ဟု ဒေါက်တာ ကာခွန်ဂါရာက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ယခုဖောင်အတည်ယူပါ ၂း၅၀



အပြည်ပြည်ဆိုင်ရာအာကာသ စခန်းယာဉ်နှင့် ချိတ်ဆက်ရန် ကြိုးစားနေသည့် အင်ဒဲဗား လွန်းပြန်ယာဉ်အား အာကာသ စခန်းယာဉ်ပေါ်မှ ရိုက်ကူးထားသည့်ပုံကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ဖိလစ်ပိုင် အထက်လွှတ်တော်ဥက္ကဋ္ဌ နုတ်ထွက်

**မနီလာ နိုဝင်ဘာ ၂၀**

ဖိလစ်ပိုင်အထက်လွှတ်တော်အမတ် မာန်နျူရယ်လ်ဗီလာသည် ၎င်းအား ဖယ်ရှားရန် ကောလာဟလများ ထွက်ပေါ်နေသည့်ကြားမှအရှုပ်အရှင်း ကိစ္စရပ်များကြောင့် အထက်လွှတ်တော် ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခြင်းဖြစ်ကြောင်းတနင်္လာနေ့တွင် ပြောကြားသွားသည်။

တနင်္လာနေ့က အထက်လွှတ်တော် အစည်းအဝေးစတင်သောအခါ ဗီလာ ကကျေးလက်ဒေသမှ ပြည်သူများနှင့် ၎င်း၏မိသားစုကို အချိန်ပိုမိုပေးရန်အတွက် ၎င်းအား အနားယူခွင့်ပြုပါရန်ကြေညာချက်တွင်ဖော်ပြထားသည်။

အထက်လွှတ်တော်အမတ်ဂွမ်ပေါ့စ် အင်ရိုင်းက အထက်လွှတ်တော် ဥက္ကဋ္ဌ အသစ်အဖြစ် ကျမ်းသစ္စာကျိန် ဆိုမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ကမ္ဘောဒီးယားတွင် ပထမဆုံးအီသနောစက်ရုံဖွင့်

**ပွန်နီယာလီယူ (ကမ္ဘောဒီးယား) နိုဝင်ဘာ ၂၀**

ကမ္ဘောဒီးယားနိုင်ငံသည် ပီလောပီနံမှုန့်မှ ဇီဝလောင်စာဆီထုတ်လုပ်သော ပထမဆုံး အီသနောစက်ရုံကို ပွန်နီယာလီယူတွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်သည်။

ယင်းစက်ရုံသည်ကမ္ဘောဒီးယားနိုင်ငံအတွက် ပထမဆုံးဖြစ်ကြောင်း၊ ယာသမားများအတွက်ပီလောပီနံဈေးကွက် ပေါ်ပေါက်လာမည်ဖြစ်ကြောင်းဝန်ကြီးချုပ် ဟွန်ဆန်က ဖွင့်ပွဲအခမ်းအနားမိန့်ခွန်း၌ ထည့်သွင်းပြောကြားသည်။ ၎င်းစက်ရုံကို တောင်ကိုရီးယားနိုင်ငံ အမ်အိတ်ချ်ဘိုင်အို- အင်နာဂျီဂရုမှ အမေရိကန်ဒေါ်လာသန်း ၄၀ ရင်းနှီးမြှုပ်နှံ တည်ထောင်ခြင်းဖြစ်သည်။

အဆိုပါစက်ရုံကြောင့်ဒေသအတွင်းမှ အလုပ်သမား ၁၉၂ ဦးကိုအလုပ်အကိုင်ရစေပြီး တောင်သူလယ်သမားများကိုလည်း ပီလောပီနံများ ပိုမိုစိုက်ပျိုးရန် အားပေးကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

၎င်းစက်ရုံက ကန်ပွန်စီပူပြည်နယ် ယာမြေဟက်တာ ၈၀၀၀ ၌ ပီလောပီနံစိုက်ပျိုးရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့သည်။

ယခုအခါကန်ပွန်ချန်နှင့်ဘက်တန်ဘန်ပြည်နယ်များတွင် ယာသမားများထံမှ ပီလောပီနံများဝယ်ယူရန် ဌာနခွဲများဖွင့်ထားပြီးဖြစ်သည်။

စက်မှု၊ သတ္တုတွင်းနှင့် စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီးဆူဆင်ကစက်ရုံသည်တစ်နှစ်လျှင်ပြည်ပသို့ အီသနောတန်ချိန် ၃၆၀၀၀ တင်ပို့နိုင်ကြောင်း၊ အထူးသဖြင့် ဥရောပဈေးကွက်သို့ တင်ပို့မည်ဖြစ်ကြောင်း စက်ရုံဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကက်ရှ်မီးယား၌ တံတားပြိုကျ လူလေးဦးသေဆုံး၊ ၁၉ ဦးပျောက်ဆုံး

**ဆရင်းနဂါး နိုဝင်ဘာ ၂၀**

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ ဟိမဝန္တာရေခဲမြစ်ပေါ်တွင် ဆောက်လုပ်နေဆဲတံတားတစ်စင်း တနင်္ဂနွေနေ့ကပြိုကျခဲ့သဖြင့် ဝန်ထမ်းလေးဦးသေဆုံးပြီးအခြား ၁၉ ဦး ပျောက်ဆုံးနေသဖြင့် သေဆုံးဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကယ်တင်သူများက သေဆုံးသူများ၏ အလောင်းများနှင့် အသက်မသေကျန်ရှိသူများအား မြစ်ကမ်းနဖူးပေါ်တွင် လိုက်လံရှာဖွေလျက် ရှိသည်ဟု ရဲအထက်တန်းပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဆရင်နီဗာက ပြောကြားသည်။ အဆိုပါဖြစ်ရပ်သည် ဖော်ပြပါဒေသ၏မြို့တော် ဆရင်းနဂါး၏ အနောက်ဘက် ၆၂ မိုင်(ကီလိုမီတာ ၁၀၀) ဝေးသည့် ယူရီမြို့ပြင်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယင်းတံတားကို အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံအား ခွဲထားသည့်နယ်စပ်အနီးတွင် တည်ဆောက်နေခြင်းဖြစ်သည်။ ***အင်တာနက်။***




## အမေရိကန် စီးတီးဂရု(ပ်) ဘဏ်မှ အလုပ်သမား ၅၃၀၀၀ လျှော့ချမည်

**နယူးယောက် နိုဝင်ဘာ ၂၀**

အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်မြို့တော်မှစီးတီးဂရု(ပ်)ဘဏ်လုပ်ငန်းသည် ကြွေးဆုံးများ များပြားနေပြီး အရှုံးပေါ်နေသည့်အတွက် အလုပ်သမား ၅၃၀၀၀ နီးပါးကို လာမည့် ပထမသုံးလပတ် ကာလ၌ လျှော့ချသွားရန် စီစဉ်နေသည်။

ထိုကိစ္စအတွက် နယူးယောက်မြို့ရှိ မြို့တော်ခန်းမတွင် နိုဝင်ဘာ ၁၇ ရက်က အစည်းအဝေးခေါ်ယူပြီး စီးတီးဂရု(ပ်) အမှုဆောင် အရာရှိချုပ် ဗီခရင်ပင်န်ဒစ်နှင့် ဝန်ထမ်းများ တွေ့ဆုံ၍အလုပ် သမားလျှော့ချရေးကိစ္စ ဆွေးနွေးခဲ့ကြသည်။

၂၀၀၇ ခုနှစ်က အလုပ်သမားပေါင်း ၃၇၅၀၀၀ ရှိရာမှ ယခုအခါ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်သည်။ အောက်တိုဘာလအတွင်းကလည်း အလုပ်သမား ၂၂၀၀၀ ကို လျှော့ချခဲ့ပြီးဖြစ်သည်။

***အင်တာနက်။***



ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော တရုတ်နိုင်ငံ ရေတပ်မှ လေ့ကျင့်ရေး စစ်သင်္ဘောဇန်ဟီးကို နိုဝင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ထိုင်းငါးဖမ်းသင်္ဘောအား ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၉**

သင်္ဘောသား ၁၆ ဦးပါသည့် ထိုင်းငါးဖမ်းသင်္ဘောတစ်စင်းကို ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် နိုဝင်ဘာ ၁၈ရက်က ပြန်ပေးဆွဲခဲ့ရကြောင်း ပင်လယ်ရေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းသင်္ဘောသည် ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း အဆိုပါဒေသတွင် အပိုင်စီးခံရသော သင်္ဘောများတွင် ရှစ်စင်းမြောက်ဖြစ်သည်ဟု သိရသည်။

အဆိုပါ ငါးဖမ်းသင်္ဘောသည် အရှေ့အလယ်ပိုင်းသို့ ဦးတည်ခုတ်မောင်းလာစဉ် နိုဝင်ဘာ ၁၈ရက်က အေဒင်ပင်လယ်ကွေ့အတွင်း ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုဌာနကပြောကြားသည်။

ယင်းနေ့မှာပင် သင်္ဘောသား ၂၅ ဦးပါသည့် အီရန်ကုန်တင်သင်္ဘောကြီးတစ်စင်းလည်း ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းအပြင် နိုဝင်ဘာ ၁၅ ရက်ကလည်း ဆော်ဒီနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖိုးရှိသည့် ရေနံစိမ်းများ တင်ဆောင်လာသည့် ရေနံတင်သင်္ဘောကြီးအား ယင်းဒေသ၌ပင် ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ကြသည်။

***အင်တာနက်။***

## သဘာဝဘေးအန္တရာယ်သတင်းများ



### ဆူလာဝေဆီကျွန်း၌ ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ် ခြောက်ဦးသေဆုံး၊ ၇၇ ဦး ဒဏ်ရာရ

**ဂျကာတာ နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းဆူလာဝေဆီကျွန်းတွင်နိုဝင်ဘာ ၁၇ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၇၇ဦး ဒဏ်ရာရရှိကြောင်း အင်္ဂါနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းငလျင်လှုပ်မှုကြောင့် ဂိုရွန်တာလိုပြည်နယ်တွင် အိမ်များ၊ ကျောင်းများအပါအဝင် အဆောက်အအုံ ၈၀၀ခန့်နှင့် တံတားတစ်စင်း ပြိုကျပျက်စီးခဲ့ကြောင်း ဝန်ကြီးဌာနမှတာဝန်ရှိသူက ပြောကြားသည်။ **(အပေါ်ပုံ)** အဆိုပါ ငလျင်သည် ညသန်းခေါင်ယံအချိန်က ဂိုရွန်တာလိုမြို့ အနောက်မြောက်ဘက် ၁၃၈ကီလိုမီတာအကွာ၌ဗဟိုပြုပြီး မြေအောက် ကီလိုမီတာ ၁၀ အကွာတွင် လှုပ်သွားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ***အင်တာနက်။***



ဟီနန်ပြည်နယ် ပင်ဒင်ရှန်မြို့ရှိ ကျောက်မီးသွေးတွင်း မတော်တဆမှု ဖြစ်ပွားရာ ဂိုမန်ဒေါင်မိုင်းတွင်းကို ညအချိန်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

### တရုတ်အလယ်ပိုင်း ကျောက်မီးသွေးတွင်း ရေကြီး မြေအောက်၌ လုပ်သား ၃၄ ဦး ပိတ်မိနေ

**ဟီနန် နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်တွင်ကျောက်မီးသွေးတွင်း၌ ရေကြီးမှုဖြစ်ပွားရာ ၁၆နာရီ နီးပါး ပိတ်မိနေသောလုပ်သား ၃၄ ဦးမှာ အသက်ရှင်လျက် ရှိနေဆဲဖြစ်ကြောင်းကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ ယင်းကျောက်မီးသွေးတွင်းတွင် လုပ်ငန်းခွင်လုံခြုံရေးအရ အမြင့်ဆုံး ၂၈ဦးသာခွင့်ပြုခဲ့သည်။ သို့သော် မတော်တဆဖြစ်ပွားချိန်၌ မြေအောက်အတွင်း ၄၂ဦးရှိနေကြောင်း၊ သို့အတွက် တွင်းပိုင်ရှင်အား ထိန်းသိမ်းခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ နံနက် ၇ နာရီ မိနစ် ၂၀က ပင်ဒင်ရှန်မြို့ ကျင်ဇီးစီရင်စုရှိ ဂိုမန်ဒေါင်ကျောက်မီး သွေးသတ္တုတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုချိန်ထိ လုပ်သား ရှစ်ဦးသာ ကယ်တင်နိုင်သေးသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

### အနောက်ဂျာဗား၌ မြေပြိုမှုကြောင့် ၁၅ ဦးသေဆုံးပြီး ဒေသခံ ၂၀၀၀ နီးပါး ပြောင်းရွှေ့ရ

**ဂျကာတာ နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ နိုဝင်ဘာ ၁၆ရက်က ရေကြီးခြင်းနှင့်မြေပြိုခြင်းတို့ကြောင့် ၁၅ ဦး သေဆုံးပြီး ဒေသခံ ၂၀၀၀ နီးပါးအား ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သဘာဝဘေး အန္တရာယ်စီမံရေးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ကုန်းမြင့်ဒေသများတွင် မြေကြီးပြိုကျနေခြင်းကြောင့် ကုန်းမြင့်များမှ ဝေးရာဒေသများတွင် ဒုက္ခသည်များကို ယာယီတဲများ ဆောက်လုပ်ပြီး နေရာချထားခဲ့ကြောင်း ယင်းဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ပြည်နယ်၏ ဆီအင်ဂျာစီရင်စုရှိ ကမ်ပါကာနှင့်ဆီဘီဘာ ခရိုင်များတွင် အိမ်ခြေ ၂၈၄လုံး၊ စာသင်ကျောင်း သုံးကျောင်းနှင့် တံတားတစ်စင်းတို့ ပြိုကျပျက်စီးခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေပြိုခြင်းနှင့် ရေကြီးခြင်းတို့ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ***အင်တာနက်။***

# ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သစ်ဆီသို့

ချမ်းပြည့်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အချင်းပြည့်ဝသော အမျိုးသားစွမ်းအားစုကြီးတစ်ရပ် ခိုင်ခိုင်မာမာတည်ရှိမှုသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ ထိုသို့သော အမျိုးသားစွမ်းအားစုကြီး တစ်ရပ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်း ၁၅ နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယခုအခါ အသင်းဝင်များသည် အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝလျက် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်အတွက် ပြည်သူများနှင့်အတူ ကျရာတာဝန်များထမ်းဆောင်ရန် အသင့်အနေအထား ရှိနေကြပြီဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ အခြေအနေကို လေ့လာကြည့်မည်ဆိုပါက ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်များတွင် တိုင်းပြည်ပြိုကွဲမည့် အခြေအနေများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပါသည်။

၁၉၄၉ ခုနှစ်ကာလအတွင်း ပါလီမန်ဒီမိုကရေစီ အစိုးရသည်လည်းကောင်း၊ ပါလီမန်လွှတ်တော်သည်လည်းကောင်း ကြုံတွေ့လာရသည့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်စွမ်းမရှိခဲ့ပေ။ ထို့ကြောင့် ပြည်တွင်းလက်နက်ကိုင် ဆန့်ကျင်မှုများ ပေါက်ကွဲဖြစ်ပေါ်ခဲ့ရသည်။ တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင်ရပ်တည်၍ တိုင်းပြည် ချောက်ကမ်းပါးထဲ ကျလုဆဲဆဲအခြေအနေမှ ဆွဲတင်ကယ်ထုတ်ခဲ့ရသည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှာလည်း စင်စစ်အားဖြင့် မုန်တိုင်းထန်ဆဲကာလများသာ ဖြစ်ခဲ့သည်။ အချုပ်အခြာအာဏာတည်တံ့ရေး၊ ပြည်ပကျူးကျော်မှုအန္တရာယ်ကာကွယ်ရေးအတွက် တပ်မတော်သည်သာ ပင်မမဏ္ဍိုင်ဖြစ်ခဲ့သည်။ နိုင်ငံရေးပါတီများသည် ထိုခေတ်ထိုကာလအတွင်း ပါတီအာဏာရရေးသာ ဦးစားပေးလျက် အမျိုးသားရေးကို မျက်ကွယ်ပြုခဲ့ကြသည်။

ထိုအချိန်သည် နိုင်ငံတော်အား ပြန်လည်တည်ဆောက်ရေးအတွက် အရေးကြီးဆုံး ကာလဖြစ်သည်။ တိုင်းရင်းသားများ၏ စီးပွားရေးစွမ်းပကား မြှင့်တင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးစွမ်းအင်ထူထောင်ရေး၊ ပြည်ပအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်တွင်းတည်ငြိမ် အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများ အထူးလိုအပ်နေသည့် အချိန်အခါပင်ဖြစ်သည်။ သို့သော် နိုင်ငံရေးပါတီများသည် ထိုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြောမျှသာရှိခဲ့ပြီး လက်တွေ့မပါခဲ့ပေ။ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ မာန်မာနစွဲများကိုသာ ရှေ့တန်းတင်ခဲ့မှုကြောင့် ဖဆပလအဖွဲ့ကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ရသည်။ ဖဆပလပြိုကွဲမှုကြောင့် တောတွင်းမှ အယူသီးဝါဒရေးသမားများ၊ လူမျိုးရေးဝါဒီများ၊ ပဒေသရာဇ် အာဏာတည်မြဲရေး အင်အားစုများက အခွင့်ကောင်းယူ ထိုးနှက်လာခဲ့ကြသည်။ ၁၉၅၈ ခုနှစ် ဖဆပလအကွဲအပြဲသည် တိုင်းပြည်ပြိုကွဲရေးသို့ ဦးတည်ခဲ့သည်။

အာဏာရပါတီအတွင်း အုပ်စုတိုက်ပွဲများကြောင့် ပါလီမန်အတွင်း အထက်စီးရနိုင်ရေးအတွက် အစိုးရအာဏာကို အလွဲသုံးစားပြုလာကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ချိုးဖောက်မှုများ ပြုလာကြသည်။ မဲဆွယ်ရေး၊ မဲဝယ်ရေးတွင် အမျိုးသားရေးကို စွန့်လွှတ်ရုံမျှမက ဘာသာရေးကိုပင် နိုင်ငံရေးတွင် အသုံးချလာကြသည်။ နိုင်ငံသားအများစုသည် ဗဟုသုတနည်းပါးခဲ့ကြရာ အပြောကောင်း၊ အဆွယ်ကောင်းသည့် လူပုဂ္ဂိုလ်ပါတီများကိုသာ မဲပေးခဲ့ကြသည်။ ဒီမိုကရေစီဆိုသည်ကို ဘာမှန်းမသိခဲ့ကြပေ။

၁၉၆၂ ခုနှစ် အရှေ့တောင်အာရှဒေသတွင် စစ်မီးပျံ့နှံ့ အရှိန်တက်လာပြီး အိမ်နီးချင်းနိုင်ငံကြီးတွင် နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားကာ လမ်းစဉ်နှစ်ရပ်အကြား ဝါဒရေးတိုက်ပွဲ ပြင်းထန်လာချိန် ပြည်တွင်း၌လည်း တရားမျှတမှုရှိသော စီးပွားရေးစနစ်ထူထောင်ပြီး နိုင်ငံတော်၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုအပြင် အမျိုးသားစီးပွားရေးကို မဖြစ်မနေ ထူထောင်ရန် လိုအပ်လာချိန်၊ တရားမျှတသော အုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်ရေးကို ပြန်လည်ထူထောင်ရန် လိုအပ်လာချိန်တွင် တပ်မတော်သည် ရှေ့ဆောင် အမျိုးသားရေး အင်အားစုကြီးအဖြစ် သမိုင်းပေးတာဝန်ကို ရယူခဲ့ရသည်။ တပ်မတော်သည် တော်လှန်ရေးကောင်စီ၊ ထိုမှတစ်ဖန် လမ်းစဉ်ပါတီ ထူထောင်၍ ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့သည်။ သို့သော် တစ်ပါတီအုပ်ချုပ်သည့် ထိုခေတ်ကာလတွင်လည်း ပြည်သူလူထုသည် ဒီမိုကရေစီကျင့်စဉ်ကို အပီအပြင်ကျင့်သုံးခွင့် မရခဲ့ပေ။

၁၉၈၈ ခုနှစ်တွင် ပြည်သူများက နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်ကို ပြောင်းလဲရန် တောင်းဆိုခဲ့ကြသည်။ သို့သော် ယင်းတောင်းဆိုမှုအပေါ် လက်ဝဲလက်ယာ အတ္တဝါဒီနိုင်ငံရေးသမားများက ပူးကပ်သွေးထိုးဖန်တီးခဲ့ကြသောကြောင့် မင်းမဲ့ဝါဒများ လွှမ်းမိုးလာပြီး ပြည်ထောင်စုပြိုကွဲရတော့မည့် အခြေအနေသို့တိုင် ရောက်ခဲ့ရသဖြင့် တပ်မတော်က မလွှဲမရှောင်သာ တာဝန်ယူခဲ့ရပြန်သည်။ ထိုသို့တာဝန်ယူသည့်ကာလတွင် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် တည်ဆောက်ပေးရင်း ပြည်သူတို့ လိုလားတောင့်တခဲ့သော ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ဖော်ဆောင်ပေးခဲ့သည်။

**တပ်မတော်အစိုးရသည် နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရေးအတွက် လူထုလူတန်းစား အဖွဲ့အစည်းများကို ဖွဲ့စည်းပေးခဲ့ရာ ယင်းတို့အနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။**

**နိုင်ငံတော်သည် မျိုးဆက်သစ်များဖြစ်ကြသည့် လူငယ်လူရွယ်များ၏ ထက်မြက်သည့်စွမ်းပကားကို အလေးထားသည်။ လူငယ်တို့၏ ဖျတ်လတ်မှု၊ တက်ကြွမှုကို တန်ဖိုးထားသည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ အကျိုးစီးပွားကို ထမ်းရွက်ကြမည့် လူငယ်မောင်မယ်များကို စုစည်းကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။**

နိုင်ငံနှင့်လူမျိုးအကျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသူများဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အရည်အချင်းပြည့်ဝသော အသင်းဝင်လူငယ်များ ဖြစ်လာစေရန် အစဉ်အမြဲ လေ့ကျင့်သင်ကြားပေးခဲ့သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့သည့် ၁၅ နှစ်တာကာလအတွင်း အသင်းဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်ယှဉ်၍ စည်းရုံးရေးအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများ ရရှိခဲ့ပြီးဖြစ်။ အသင်းကြီး ရင့်ကျက်ခိုင်မာစွာ ရပ်တည်လျက်ရှိသကဲ့သို့ အသင်းဝင်များလည်း အရေအတွက်ရော အရည်အသွေးပါ မြင့်မားတိုးတက်လာနေပြီဖြစ်။**

**မျိုးချစ်စိတ်ထက်သန်သော တိုင်းရင်းသား မြန်မာလူငယ် သန်းပေါင်းနှစ်ဆယ်ကျော်တို့သည် အမျိုးသားရေးတာဝန်များကို ခွန်ပြည့်အားပြည့်သယ်ပိုးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတွင် စုစည်းလျက်ရှိနေ။**

အသင်းဝင်လူငယ်မောင်မယ်များအား ဗဟိုအဆင့်၌ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းများ၊ အထူးမွမ်းမံ သင်တန်းများ၊ အဆင့်မြင့်သင်တန်းများ၊ အမှုဆောင်များစီမံခန့်ခွဲမှု သင်တန်းများ၊ နိုင်ငံတကာဆက်ဆံရေးသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ လုပ်ငန်းသုံး စာရင်းကိုင်ဒီပလိုမာ သင်တန်းများနှင့် စာရင်းကိုင်သင်တန်းများကို စနစ်တကျ ပို့ချပေးခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်နှင့်မြို့ပြ ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးရေး အစီအစဉ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လုပ်ငန်းစဉ်များနှင့် အခြားတိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်များတွင်လည်း တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အတူ လက်တွဲအကောင်ထည်ဖော် ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့သည့် ၁၅ နှစ်တာကာလအတွင်း အသင်းဝင်များအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်ယှဉ်၍စည်းရုံးရေးအတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများ ရရှိခဲ့ပြီးဖြစ်သည်။ အသင်းကြီး ရင့်ကျက်ခိုင်မာစွာ ရပ်တည်လျက် ရှိသကဲ့သို့ အသင်းဝင်များလည်း အရေအတွက်ရော အရည်အသွေးပါ မြင့်မားတိုးတက်လာနေပြီဖြစ်သည်။**

လူငယ်တို့သည် မိမိတို့၏ ပျိုမျစ်အားပြည့် ရဲစွမ်းသတ္တိထက်မြက်သွက်လက်ဖျတ်လတ်မှု အရည်အချင်းများဖြင့် နိုင်ငံနှင့်လူမျိုးအတွက် သယ်ပိုးဆောင်ရွက်ရာ၌ အတွေ့အကြုံကြွယ်ဝသော လူကြီးများထံမှ ဆည်းပူးလေ့လာကာ အတွေ့အကြုံကောင်းများကို ဆင့်ကမ်းရယူကြသည်။ စာပေမပြတ်-လေ့လာဖတ်ရှု-သုတပြည့်စုံ ကုံလုံအောင် ဆည်းပူးယူ ကြသည်။ ဤသို့ဖြင့် လူငယ်များသည် အသိကောင်း၊ သတိကောင်း၊ သတ္တိကောင်း၊ ဗျတ္တိကောင်း၍ ခွန်အားပြည့်ဖြိုး ကြံ့ခိုင်လာကြပေသည်။

နိုင်ငံ၏ ပစ္စုပ္ပန်နှင့်အနာဂတ်အတွက် အားထားရသော ယနေ့ မြန်မာလူငယ်တို့သည် အတိတ်က တိုင်းချစ်ပြည်ချစ် သမိုင်းထွန်းပြောင်သော လူငယ်တို့၏ ကောင်းမွေကို ဆက်ခံကာ စုစုစည်းစည်း ရှိနေကြပေပြီ။ လူငယ်သန်းပေါင်းများစွာ ညီညွတ်တက်ကြွ စုစည်းမိသောအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အလံသည် ပြည်ထောင်စုတစ်နံတစ်လျား တလူလူလွင့်ပျံလျက် ရှိပေတော့သည်။ မျိုးချစ်စိတ်ထက်သန်သော တိုင်းရင်းသား မြန်မာလူငယ် သန်းပေါင်းနှစ်ဆယ်ကျော်တို့သည် အမျိုးသားရေး တာဝန်များကို ခွန်ပြည့်အားပြည့် သယ်ပိုးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီးတွင် စုစည်းလျက် ရှိနေပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံးနှင့် အကျိုးဝင်သက်ဆိုင်သည့် မွန်မြတ်အရေးပါသည့် လုပ်ငန်းစဉ်ကြီး ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွသည့် အသိစိတ်ဓာတ်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် စည်းရုံးရေးနည်းလမ်းနှင့် အထောက်အကူပြုကြရမည် ဖြစ်ပေသည်။

**နိုင်ငံသစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်ဖြစ်သည့်အတိုင်း ယခုဆိုလျှင် စတုတ္ထအဆင့် လွန်မြောက်၍ ပဉ္စမအဆင့်ဆီသို့ မှန်းရည်ဖော်ဆောင်နေပြီဖြစ်ပါသည်။ ဖြစ်ထွန်းလာမည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရန် အရည်အချင်းပြည့်ဝသော လူငယ်မျိုးဆက်သစ်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အလံတော်အောက်တွင် ညီညာဖြိုဖြို ရှိနေကြပြီဖြစ်ပါသည်။လူငယ်မျိုးဆက်သစ်များသည် လူများစု၏ဆန္ဒကို လူနည်းစုက လိုက်နာ၍ လူနည်းစု၏ဆန္ဒကို လူများစုကြီးက လေးစားရမည်ဟူသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးကို စည်းရုံးဖော်ဆောင်သွားကြမည် ဖြစ်ပါသည်။**

နိုင်ငံတော်၏ သာယာလှပသော အနာဂတ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အရည်အချင်းရှိသော လူငယ်များက ပြည်သူများနှင့်အတူ အောင်မြင်စွာ တည်ဆောက်ဖန်တီးနိုင်မည်မှာ မလွဲပါ။ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် တစ်တပ်တစ်အား ကျရာတာဝန်ကို ကျေပွန်အောင်မြင်စွာ ကြိုးပမ်းထမ်းဆောင်သွားကြရန် အရည်အချင်း၊ အသိအမြင်၊ ဗဟုသုတများ ပြည့်ဝစွာ အသင့်ရှိနေကြပြီဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)အား ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

❖ **ရွှေ့ဖုံးမှ**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်း မြူနီစီပယ် အစိုးရ ဒုတိယမြို့တော်ဝန် Mr. Wang Zhi Ping တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် China Chamber of International Commerce, Tianjin Chamber of Commerce ဥက္ကဋ္ဌ Mr. Zhao Xueming တို့သည် စီးပွားရေးနှင့်ကုန်သွယ်မှု လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ (သတင်းစဉ်)

# ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန် ပညာရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ရက်(စနေနေ့)နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ကျောင်းနေဖက် မိတ်ဆွေများအားလုံး တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြု လှူဒါန်းလိုပါက ဒေါက်တာလွင်လွင်စိုး ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် ဖုန်း-၅၅၇၆၄၃၊ ဦးအောင်သွင် ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဖုန်း-၀၂-၆၆၄၀၁၊ ဦးကျော်ဝင်းမြင့် ဖုန်း-၂၁၂၉၆၉၊ EX-၂၀၃၊ ဒေါ်ကြူကြူရွှေ ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်အောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇ နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)





**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် နိုဝင်ဘာ ၁၉ရက်က ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ပိုမိုရရှိစေရန် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်း၌ ဆောင်ရွက်လျက်ရှိသော အချင်း ၁၆ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ''အစွမ်းထက်သောပရိတ်များ'' တရားတော် [အရှင်နန္ဒောဘာသာဘိဝံသ (ကျိုက်ထိုဆရာတော်)] |
| ၇း၅၅ - ၁း၅၅ | Activities In The City (Acer ပစ္စည်းသစ်မိတ်ဆက်ပွဲ) |
| ၈း၁၀ - ၂း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ - ၂း၁၅ | VJ Choice |
| ၈း၄၀ - ၂း၄၀ | Fragrant Rice (အပိုင်း-၂) |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၉း၃၀ - ၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ - ၃း၃၅ | မီကို၏တတိယအကြိမ်ကံထူးရှင်များရွေးချယ်ချီးမြှင့်ပွဲ |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | သင်ယူလေ့လာဂီတပညာ (Human Beat Box) |
| ၁၀း၁၀ - ၄း၁၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း) |
| ၁၀း၃၀ - ၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | စားဖွယ်စုံလင်ဒေသအစားအစာအစီအစဉ် (အင်းလေးရိုးရာအစားအစာ) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး) |
| ၁၁း၂၀ - ၅း၂၀ | Art Vision (New Inspiration ပန်းချီပြပွဲ) |
| ၁၁း၃၅ - ၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ - ၅း၄၀ | စွမ်းရည်မြင့်မားလယ်ယာ(၁၆)လက်တွန်းထွန်စက်တာယာများ |
| ၁၂း၀၅ - ၆း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀ - ၆း၁၀ | Yangon Panorama (Sein Gay Har Hledan Centre ဖွင့်ပွဲအခမ်းအနား) |
| ၁၂း၂၅ - ၆း၂၅ | ကားချစ်သူတို့ အတွက်ကားမိတ်ဆက်ကဏ္ဍ(၂) |
| ၁၂း၃၅ - ၆း၃၅ | လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြေးမုံ ရုပ်ရှင်

# Body of Lies ဇာတ်ကားနှင့် မြင်းမိုရ်ထက်ကသရဖူဇာတ်ကား ပြိုင်ဘက်မရှိပြသမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၂၀ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံသုံးရုံဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင်ပြသဆဲမြန်မာဇာတ်ကားသစ်ဖြစ်သည့် “မြင်းမိုရ်ထက်ကသရဖူ” ဇာတ်ကား တစ်ကားသာ ပြိုင်ဘက်မရှိ ရုံတင်ပြသသွားမည်ဖြစ်သည်။

ဇာတ်လမ်း၊ ဇာတ်ညွှန်း ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်း၊ ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)တို့၏ အတွဲညီညီ တင်ပြချက်ကိုသရုပ်ဆောင် အကယ်ဒမီ မို့မို့မြင့်အောင်က ဇာတ်ပို့ဇာတ်ရံပေါင်းများစွာ၏ အားကိုယူကာ ပီပီပြင်ပြင် သရုပ်ဆောင်ထားမှုကြောင့် ပရိသတ်အကြိုက်တွေ့မည့် ရုပ်ရှင်ကားကောင်းတစ်ကား ဖြစ်သည်။

နေတိုး၊ ထွန်းထွန်း၊ ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ ဇော်ဦး၊ ဗေလုဝ၊ ဆင်မ၊ ဩဇသည်သရုပ်ဆောင် သင်ဇာဝင့်ကျော်၊ ကလေးသရုပ်ဆောင်ဟဲဗီးဖြိုးနှင့် အောင်ဖုန်းခန့်တို့ ပါဝင် သရုပ်ဆောင်ထားကြသည်။

မြန်မာဟာသ ရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်သည့် “ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး” ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ ရွှေဗဟိုနှင့် ဘုရင့်နောင်ရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

**နိုင်ငံခြားရုပ်ရှင်**

ရွှေ့ဆောင်ရုံတွင် စီအိုင်အေအဖွဲ့မှ အရှေ့အလယ်ပိုင်းဒေသရှိအကြမ်းဖက်သမားတစ်ဦးကို ခြေရာခံ လိုက်ရာမှ စတင်ခဲ့သည့် အကြမ်းဖက်နှိမ်ရေး ဇာတ်ကြမ်းကား Body of Lies ဇာတ်ကား ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီးတိုင်တန်းနစ်မင်းသား လီယိုနာဒို ဒီကာပရီယို၏ တစ်မူထူးခြားသည့် သရုပ်ဆောင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် အယူသည်းဂိုဏ်းတစ်ဂိုဏ်းမှ တမန်တော်အဖြစ် ပြောင်းလဲဖန်တီးရန် ရည်ရွယ်ထားသော မျိုးဗီဇ သယ်ဆောင်ထားသည့် အမျိုးသမီးတစ်ယောက်အား ရုရှားနိုင်ငံမှ အမေရိကန်အထိ တာဝန်ယူပို့ဆောင်ပေးရသော ကြေးစား လုံခြုံရေး အမှုထမ်းတစ်ဦး၏ ဇာတ်လမ်းဖြစ်သည့် BABYLON A.D ဇာတ်ကားပြသမည်ဖြစ်သည်။

**အိန္ဒိယရုပ်ရှင်**

မြို့လယ်ဘုရင်ရုံတွင် ဆယ်လ်မန်ခန်း၊ အက်ရှ်ရှေးကူးမား ပရီယန်ကာချိုပရာနှင့် အမ်မရစ်ရှ်ပူရီတို့ပါဝင်ထားကြသည့် Mujhse Shaadi Karogi မေတ္တာဖွဲ့ဇာတ်ကား ပြသမည်ဖြစ်သည်။

မြို့မရုံတွင် စုံထောက်လေး တစ်ယောက်နှင့် သတင်းထောက်မလေး တစ်ယောက်တို့ လက်နက်မှောင်ခိုဂိုဏ်း ဖော်ထုတ်ရင်း ချစ်ကြိုက်သွားကြပုံကို ဇာတ်လမ်းဆင်ထားသည့် BAAZIဇာတ်ကားပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် မင်းသားချောအမေရ်ခန်းပါဝင်သည်။ (ကြေးမုံ)



**မြင်းမိုရ်ထက်ကသရဖူဇာတ်ကားသစ်မှ မို့မို့မြင့်အောင်နှင့် နေတိုး တို့၏ သရုပ် ဆောင်ဟန်ကို တွေ့မြင်ရစဉ်။**

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Technical Division (4) က ကြီးမှူးကျင်းပသော (1) Introduction of "How to Design a Small Horizontal Axis Wind Turbine", (2) "Design Analysis of 3k W Arial Flow Turbine", (3) "Study on Simulation of Pressure and Temperature in the Receivers SI Engine of Turbocharged" စာတမ်းများကို နိုဝင်ဘာ ၂၂ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် သိလိုသော အချက်အလက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း စုံညီအစည်းအဝေးကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း သတ္တမကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို နိုဝင်ဘာ ၂၁ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)



**မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လေယာဉ်ကွင်းလမ်း ပလက်ဖောင်းများအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ရက်တွင် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**စာကြည့်တိုက်များအတွက် လှူဒါန်းနိုင်**

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြေ၊ အဆောက်အအုံ၊ ငွေပဒေသာပင်၊ မီဒီယာပစ္စည်းနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကို ဒီဇင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် လှူဒါန်းလိုသူများ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး အမှတ်(၂၂-၂၄)၊ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၄၂၇၀၊၀၁-၃၇၁၃၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

**✱ ကဒုံတစ်ခွင်မှ**

များကို တင်ဆောင်လျက် မြို့ဈေးအမီရောင်းချနိုင်ရန် အပြေးအလွှားလှော်ခတ် သွားလာနေကြသူများကိုလည်း တွေ့မြင်ခဲ့ရသည်။

လမ်းခရီးတစ်လျှောက် ဘုတ်ချောင်း၊ ပဒဲကော၊ ငါးပုတ်သင်နှင့် မီးလောင်ကွင်း ကျေးရွာများကိုဖြတ်ကျော်ခုတ်မောင်းနေစဉ်အတွင်း မြစ်ပြင်ကျယ်တို့တွင် လုပ်ငန်းခွင်ဝင်နေကြသော ရေလုပ်သားအစုအဖွဲ့များကို စတင်မြင်တွေ့နေရသည်။ နံနက်စောစော နှင်းသောသောတွင် လုပ်ငန်းကိုဝင်အားမာန်ဆင်လျက်။

ယခင်က ရေလုပ်သားတို့၏ဘဝမှာ စက်တပ်ပိုက်လှေမရှိ၊ ရိုးရိုးပိုက်လှေငယ်ကလေးများဖြင့်သာ လုပ်ငန်းခွင်ဝင်ကြရသည်။ ငါး၊ ပုစွန် အဝယ်ဒိုင်နှင့် မိမိနေအိမ်သို့ အချိန်မီ ပြန်မရောက်နိုင်။ ယခုတော့ နိုင်ငံတော်အစိုးရ၏ကျေးဇူးဖြင့် ရေလုပ်သားတို့၏ဘဝမှာ ယခင်နှင့်မတူ။ အသွင်ပြောင်းလဲတိုးတက်လာချေပြီ။ စက်တပ်ပိုက်လှေကိုယ်စီဖြင့် လိုရာခရီး နှင်နိုင်ကြပြီဖြစ်သည်။ အိမ်အပြန်မျက်နှာပန်းလှစွာဖြင့် ဇနီးမယား၊ သမီးသားတို့နှင့်လည်း စောစီး



ဝယ်ယူသော ကဏန်းများကို ချိန်ရသော ဂရမ်ခွက်ကို တွေ့ရစဉ်။

စွာ ပြန်လည်ဆုံတွေ့နိုင်ကြသည်။ မိသားစုဆုံတွေ့ချိန်တွင် သူတို့ပျော်ရွှင်နေပေရော့မည်။

ချောင်းပြဲကြီးကို ရောက်တော့ အအေးဓာတ်မှာ ဘယ်ဆီသို့ ငုပ်လျှိုး ပျောက်ကွယ်သွားမှန်းမသိတော့။ အအေးဓာတ်နေရာတွင် အပူဓာတ်က အစားထိုးနေရာယူလာသည်။ နှင်းခိုးနှင်းငွေ့တို့ မရှိတော့သဖြင့် လမ်းဘေးဝဲ၊ယာမြင်ကွင်းအလှတို့မှာ အခုမှ ထင်ထင်ရှားရှား ပီပီပြင်ပြင်ပင်။ ဟော...တွေ့မြင်နေရပြီ။ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရွှေဝါရောင် စပါးခင်းတို့မှာ မျက်စိတစ်ဆုံး။ မကြာမီရက်ပိုင်းအတွင်း အောင်သီးအောင်နှံ ရွှေစပါးနှံတို့ကို ရိတ်သိမ်းကြတော့မည်ဖြစ်သည်။

ရေကျော်ကြီးကျေးရွာကျော်တော့ နံနက် ၁၁ နာရီရှိပြီ။ စာရေးသူတို့ မမြင်တွေ့ဖူးသေးသော မြင်ကွင်းသစ်များကို စတင်မြင်တွေ့နေရသည်။ ရေလုပ်ငန်းတစ်ခုဖြစ်သည့် ဂါးဖောင်များမှာ ကဒုံကနိမြစ်ပင်လယ်ဗဟိုတွင် အစီအရီ နေရာယူထားကြသည်။ ဂါးဖောင်များမှ ပုစွန်မျှင်များကို ထုတ်လုပ်ရရှိသည်။ ကဒုံကနိကျေးရွာအနီးတွင် ဂါးဖောင်များကို ထပ်မံမြင်တွေ့ရသည်။ ဂါးဖောင်ပေါ်တွင်

ရေလုပ်သားအချို့ကို တွေ့ရသည်။ နေအိမ်တဲပုံသဏ္ဌာန် ဆောက်လုပ်ထားကြသည်။

ကဒုံကနိပင်လယ်ရေလမ်းကြောင်းမှာ ရာသီဥတုသာယာသဖြင့် မြစ်ပြင်ကျယ်တို့မှာ ရေသင်ဖြူးခင်းထားသလို လှိုင်းလေမရှိ တည်ငြိမ်အေးချမ်းနေသည်။ ဒေသကင်းမဲ့စွာငြိမ်သက်လျက်။ကဒုံကနိကျေးရွာကား ပင်လယ်ပြင်နှင့် ထိစပ်နေသည်။ ကဒုံအရှေ့ဘက်မြင်ကွင်းကျယ်တွင် မိန်းမလှကျွန်းနှင့် အမာတို့ကို မှုန်ပျပျရေးတေးတေး တွေ့မြင်နေရသည်။

မွန်းတည့် ၁၂နာရီတွင် ကဒုံကနိသို့ ရောက်သည်။ ကဒုံကနိကို ချောင်းအတွင်း တည်ဆောက်ထားသည်။ ကဒုံချောင်းကား ကျဉ်းလှသည်။ ချောင်းကမ်းနှစ်ဖက်တွင် ကဏန်းအဝယ်ဒိုင်များ၊ ငါး၊ ပုစွန် အဝယ်ဒိုင်များဖြင့် စည်ကားလှသည်။ ဒိုင်အလိုက် ယနေ့ပေါက်ဈေးနှုန်းကို ဆိုင်းဘုတ်ဘောတွင်ရေး၍ ရောင်းချသူများကို ဖိတ်ခေါ်နေသည်။

ကဒုံကနိသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လှသည်။ လူနေမှုအခြေမြင့်သည်။ ကျေးရွာသူ၊ကျေးရွာသားတို့၏ဝတ်စားဆင်ယင်မှုမှာ မြို့ဆန်သည်။ ခေတ်မီသည်။ ကဒုံအမှတ်(၁)တံတား လမ်းမကြီးတစ်လျှောက်တွင် လက်ဖက်ရည်ဆိုင်၊ ထမင်းကြော်ဆိုင်၊ ထမင်းဆိုင်၊ ကုန်စုံဆိုင်၊ အထည်ဆိုင်၊ဆေးဆိုင်၊ အလှပစ္စည်းဆိုင်၊ စက်ကိရိယာဆိုင်နှင့် ရေလုပ်ငန်းသုံးပစ္စည်းဆိုင်များရှိသည်။ ကဒုံဈေးကြီးတွင်လည်း လိုသည့်ပစ္စည်းများ အကုန်ရသည်။ ပစ္စည်းမျိုးစုံ ရရှိသည်။

ကဒုံကားလမ်းမကြီးများနှင့် မြို့ကွက် ဖော်ထားသည်။ ရပ်ကွက်အလိုက် နယ်မြေများ သတ်မှတ်ထားသည်။ လူနေတိုက်တာ အဆောက်အအုံများ၊ အိမ်ကြီးအိမ်ကောင်းများဖြင့် ပန်းတင့်လှသည်။လမ်းအလိုက်၊ ရပ်ကွက်အလိုက် သစ်ပင်ပန်းမန်များဖြင့် အလှဆင်ထားသဖြင့် နေချင်စဖွယ် ကောင်းလှသည်။ စာရေးသူစိတ်ထဲတွင် မြို့လေးတစ်မြို့ကို ရောက်ရှိနေသလိုပင် ခံစားမိပါသည်။

ကဒုံတွင် အသိမိတ်ဆွေဒေါ်ကြည်ဝင်း မိသားစုနှင့် ကဒုံရောက်ငယ်သူငယ်ချင်း ဦးအောင်မြိုင်မိသားစုတို့က လိုအပ်သည်များကိုကူညီစီစဉ်ပေးကြသည်။ သူတို့မိသားစုများနှင့် ဆုံတွေ့စဉ် ဒေသဖွံ့ဖြိုးရေးအကြောင်း၊ ရေလုပ်ငန်းအကြောင်းများကို စကားလက်ဆုံကျကြသည်။

အချိန်ရခိုက် မွန်းလွဲ ၂နာရီတွင် ခိုင်ဇေယျာ ကဏန်းအဝယ်ဒိုင်သို့ သွားရောက်ပြီး လုပ်ငန်းပိုင်ရှင် ဒေါ်မိုးမိုးခိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကဒုံကဏန်းက လူကြိုက်များပါတယ်၊ ကဏန်းပေါက်ဈေးကလဲ တစ်နေ့နဲ့တစ်နေ့ မတူပါဘူး၊ ဈေးနှုန်းအတက်အကျ နေ့စဉ်ရှိပါတယ်၊ ကဏန်းဈေးကွက်ကတော့ ရန်ကုန်ဈေးကွက်၊ မူဆယ်ဈေးကွက်နဲ့ မြဝတီဈေးကွက်တို့ ရှိပါတယ်၊ ကဏန်းကို လေးဆိုက်ခွဲပြီး ဝယ်ပါတယ်၊ ကဏန်းအမရယ်၊ ပဲလို့ခေါ်တဲ့ အောက်ဆိုက်အသေးရယ်၊ ကဏန်းအထီး(ရှယ်)နဲ့ ကဏန်းအလတ်အထီးတို့ဖြစ်ပါတယ်၊ အဲဒီဆိုက်ထဲက ကဏန်းအမနဲ့ ကဏန်းအထီးအကြီးတို့ကို ထိုင်ဝမ်ကိုလေယာဉ်နဲ့တင်ပို့ပါတယ်၊ ကဏန်းအထီးအလတ်ဆိုက်ကိုတော့ မူဆယ်နဲ့ မြဝတီကိုတင်ပို့ပါတယ်၊ မူဆယ်၊ မြဝတီတင်ပို့ရာမှာ တာပြတ်နဲ့ပဲရောင်းပါတယ်"ဟု ရှင်းလင်းပြောပြသည်။

ထို့နောက် စာရေးသူက"ဒါဆိုရင် ဂရမ်ခွက်နဲ့ချိန်ပြီး ဆိုက်ခွဲဝယ်ယူ



တာလေးလဲ ပြောပြပါဦး"ဟု မေးမြန်းရာ ဒေါ်မိုးမိုးခိုင်က "ပြောပြပါ့မယ်၊ ဆရာလဲ ကဏန်းကြော်နဲ့ ရေနွေးကြမ်းသုံးဆောင်ပါဦး၊နားနားနေနေပေါ့"ဟု ဧည့်ခံစကားဆိုသည်။ ထိုအချိန်တွင် ကဏန်းရောင်းချသူများလာနေသဖြင့် ဂရမ်ခွက်ဖြင့်ချိန်နေသည်။ ဆက်လက်ပြီး ဒေါ်မိုးမိုးခိုင်က စာရေးသူဘက်လှည့်ပြီး "ဒါက ဂရမ်ခွက်ပါ၊ ကဏန်းအမဆိုရင် ဂရမ် ၁၅၀ အထက်၊ ကဏန်းအထီးဆိုရင် ဂရမ် ၂၀၀အထက်၊ကဏန်းအလတ်ဆိုက်ဆိုရင် ဂရမ် ၁၅၀ အထက် ဝယ်ယူသူထံမှ ကဏန်းများကို ဂရမ်ခွက်နဲ့ချိန်၍ ဆိုက်ခွဲပြီး ကီလိုဖြင့် ပြန်ချိန်ပါတယ်။

ကျွန်မတို့ ကဒုံကဏန်းဒိုင်တွေကို လာရောင်းတဲ့ ကျေးရွာတွေကတော့ ဂယက်ကြီး၊ ဂတုံးလေး၊ တောင်ကြီးသန်း၊ အရှေ့ဖျား၊ သမိန်ပုလဲ၊ ဦးပေ၊ အမာနဲ့ရောတို့ ပါဝင်ပါတယ်၊ တောမှကဏန်းဒိုင်ကို လာရောင်းတဲ့အခါ တောကြိုးများဖြစ်တဲ့ သင်ပေါင်း၊ရေသဖန်း၊ ဓနိဖူး၊ သဝန်ကြိုးတို့နဲ့ ကဏန်းရဲ့ လက်နှစ်ဖက်ကို တုပ်ချည်ပြီး လာရောင်းပါတယ်၊ ဒိုင်ရောက်မှ ပလတ်စတစ်ကြိုးနဲ့ ပြန်တုပ်၍ချည်နှောင်ရပါတယ်။

ကဏန်း အဝယ်ဒိုင်များတွင် ဝယ်ယူထားသော ကဏန်းများကို ပလတ်စတစ်ကြိုးဖြင့် ပြန်၍ချည်နှောင်စဉ်။

ကဏန်းကို ဝယ်ယူပြီးရင် သိုလှောင်ထိန်းသိမ်းဖို့က အဓိကကျပါတယ်။ ဒါကြောင့်မို့ ဘုံလုံအကြောင်းလဲ သိထားဖို့လိုလို့ ပြောပြပါဦးမယ်။ ဘုံလုံကို ကဏန်းအဝယ်ဒိုင်တိုင်းမှာ ထားရှိပါတယ်။ ဘုံလုံက ဝါးဖြင့် ရက်ထားတဲ့ အလျား နှစ်တောင့်ထွာ၊ အမြင့် နှစ်တောင်ရှိတဲ့ ကဏန်းစိမ်ကန်ပါပဲ၊ ချောင်းထဲမှာ ဝါးဖောင်နဲ့တွဲပြီး ချထားပါတယ်၊ ရန်ကုန်တင်ပို့ခါနီးမှ ဘုံလုံကန်ထဲ စိမ်ထားတဲ့ကဏန်းတွေကို ခပ်ယူပြီး အမျိုးအစား လေးဆိုက်ခွဲ၍ တင်ပို့ပါတယ်"ဟု ရှင်းလင်းပြောပြသည်။

"ကျေးဇူးပါပဲဗျာ၊ မောတယ်လို့တော့ သဘောမထားပါနဲ့၊ ကဏန်းတင်ပို့တဲ့ လမ်းကြောင်းလေးလဲ သိချင်လို့ နောက်ဆုံးပြောပြပေးပါဦး"

ရပါတယ်ဆရာ၊ ပြောပြပေးပါ့မယ်။ ကဒုံကနေ နိုဝင်ဘာ ၉ရက်နေ့ တင်ပို့ရင် နိုဝင်ဘာ ၁၀ရက်နေ့ ရန်ကုန်ရောက်ပါတယ်။ နိုဝင်ဘာ ၁၁ရက်နေ့မှာ မန္တလေးရောက်ပါတယ်။ နိုဝင်ဘာ ၁၂ရက်နေ့ဆိုရင် မူဆယ်ရောက်ပါပြီ။ ကဏန်းကို အရှင်ပဲ တင်ပို့ရပါတယ်။ ဂရုလဲစိုက်ရပါတယ်။ မြဝတီကို တင်ပို့ရင်လဲ မူဆယ်တင်ပို့တဲ့ ရက်အတိုင်းရောက်ပါတယ်။ ကဏန်းအများဆုံးအဝယ်လိုက်တဲ့ရက်က ရေထရက်ပါ။ ရေသေရက်ဆိုရင်တော့ အဝယ်အနည်းငယ် လျော့ပါတယ်။ ကဒုံမှာ ကဏန်းအဝယ်ဒိုင် ငါးဒိုင်ရှိပါတယ်။ ကဏန်းလုပ်ငန်းက ဝင်ငွေသိပ်ကောင်းပါတယ်။ ကဒုံဒေသက စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပါသည်ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ညနေ ၃နာရီတွင် ခိုင်ဇေယျာ ကဏန်းအဝယ်ဒိုင်မှပြန်ထွက်ခဲ့သည်။ နားနားနေနေပင် ကဒုံ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက်ကို အရသာမခံဘဲ အပြေးအလွှားသောက်မိသော်လည်း အရသာက ထူးကဲနေသည်။ ကဒုံလက်ဖက်ရည်က ကောင်းမှကောင်းပင်။

စာရေးသူလည်း ကဒုံ ငါး၊ ပုစွန်အကြောင်း တစေ့တစောင်း သိလိုသဖြင့် အမှတ်(၁)တံတားဆိပ်တွင် ဖွင့်လှစ်ထားသော ငါး၊ ပုစွန် အဝယ်ဒိုင်ပိုင်ရှင် ဦးမျိုးနိုင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ငါးပုစွန်ရောင်းချမှု အခြေအနေကတော့ ပင်လယ်ပြင်မှာ လေမိုးငြိမ်ပြီး မိုးလေဝသကောင်းရင် ငါး၊ ပုစွန် ရောင်းအားလဲ ကောင်းပါတယ်။ ငါး၊ ပုစွန်ဈေးနှုန်းက ပုံသေတွက်လို့ မရပါဘူး။ ရန်ကုန်ဈေးကွက်အပေါ်မှာပဲ မူတည်နေပါတယ်။ ရာသီအလိုက်လဲ ငါး၊ ပုစွန်ရရှိမှု ကွာခြားပါတယ်။ ရာသီအလိုက်ပေါ်တဲ့ ငါး၊ ပုစွန်တွေကတော့ ငါးသလောက်၊ ကသပေါင်း၊ ကကူရံ၊ ငါးမှတ်၊ ငါးပုံသား၊ ငါးရွှေတို့ဖြစ်ပြီး ပုစွန်နဲ့ ပတ်သက်ပြီး ပုစွန်တုပ်ကြီး၊ ပြောင်၊ ဆတ်ထုတ်၊ ဆတ်မမီ၊ ဆတ်၊ ဘေးကြား၊ သုံးကြား၊ ကြားကျ၊ ပုစွန်သေး၊ ဂါးရှယ်၊ ဂါးနဲ့ မီနီပုစွန်တို့ပါပဲ။ ငါးပုစွန်ရောင်းအားတိုးတက်တဲ့လတွေမှာ ရေလုပ်သားတွေ စီးပွားဖွံ့ဖြိုးတိုးတက်ပါတယ်။ ငါး၊ ပုစွန်တွေကို ကစ်ဘုံးထဲထည့်ပြီး ကဒုံကနေ ရန်ကုန်တင်ပို့ပါတယ်ဟု ရှင်းလင်းပြောပြသည်။



ဝယ်ယူထားသော ကဏန်းများကို သိုလှောင်ရသည့် ဘုံလုံ ကဏန်းစိမ်ကန်များကို ကဏန်းအဝယ်ဒိုင်ရှေ့ ချောင်းအတွင်း တွေ့မြင်ရစဉ်။

နာဂစ်မုန်တိုင်းဝင်ရောက်စဉ်က ဘင်္ဂလားပင်လယ်အော်နှင့် နီးနီးကပ်ကပ်ရှိခဲ့သော ကဒုံကနိ၊ ရောနှင့် အမာတို့မှာ ကံကောင်းခဲ့သည်။ ရေဒဏ်၊ လေဒဏ် သိပ်မခံစားခဲ့ရ။ ရေလုပ်ငန်းခွင်လည်း အရှိန်မပျက် တိုးတက်ခဲ့ပါသည်။

စာရေးသူတို့ သတင်းအဖွဲ့မှာ ကဒုံတွင် တစ်ညတာ ရပ်နားပြီး နိုဝင်ဘာ ၁၀ရက် နံနက် ၆နာရီတွင် ကဒုံကနိကို လက်ပြနှုတ်ဆက်ရင်း ကဒုံ-ဘိုကလေးရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။ ကဒုံမြစ်ဝအရောက်တွင် ပင်လယ်ကမ်းရိုးတန်းသွား ငါးဖမ်းစက်လှေအများအပြားကို နှင်းငွေ့များကြားမှ တွေ့မြင်ခဲ့ရသည်။



ပင်လယ် ကမ်းရိုးတန်းသွား ငါးဖမ်းစက်လှေများကို ကဒုံမြစ်ဝတွင် တစုတဝေးတည်း တွေ့မြင်ရစဉ်။

ကဒုံသည် အဝေး၌ ကျန်ရစ်ခဲ့ပြီ။ သာယာဖွံ့ဖြိုးတိုးတက်သော ကဒုံ၏ ပုံရိပ်များသည်။ ထင်ရှားပေါ်လွင်နေသည်။ ယခုအထိ စာရေးသူ၏မျက်စိထဲမှ မထွက်သေး။ ကဒုံသူ၊ ကဒုံသားတို့၏ ရင်းနှီးဖော်ရွေစွာ ဧည့်ဝတ်ပြုဆက်ဆံမှုတို့ကိုလည်း မေ့မရနိုင်သေး။ သတိရနေဆဲပင်။

ကဒုံကနိသည် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လျက် ဝင်ငွေတိုးပွား အကျိုးများသည့် ကဏန်းလုပ်ငန်း၊ ငါးနှင့် ပုစွန်လုပ်ငန်းတို့ဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ပင်လယ်ပိုင်းဒေသမှ စီးပွားရေးအချက်အချာကျသော ဒေသတစ်ခုသာ ဖြစ်ပါကြောင်း ကွင်းဆင်းရေးသား ဖော်ပြလိုက်ရပါသည်။ ။

## ● ကျောဖုံးမှ

တကယ့်တကယ် ကစားတော့ မြန်မာအသင်းက အင်ဒိုနီးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်ပြီ။မြန်မာအသင်း ခြေစွမ်းပြနိုင်ကြပါသည်။ ဘင်္ဂလားဒေ့ရှ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သော အင်ဒိုနီးရှားကို မြန်မာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်၍ အုပ်စုဗိုလ်အဖြစ် အကြိုဗိုလ်လုပွဲတက်ပြီ။

### (ခ)အုပ်စုက မလေးရှား

လက်ရှိ မာဒေးကားချန်ပီယံ ဗီယက်နမ်အိုလံပစ် ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် မလေးရှားက အပြတ်အသတ်နိုင်သည်။ နိုဝင်ဘာ ၁၄ ရက်နေ့ကျတော့ အူလ်ဆန်ဟွန်ဒိုင်း(ကိုရီးယား)ကို တစ်ဂိုးစီ သရေကစား၍ အုပ်စုဒုတိယ ဖြစ်သွားသည်။ အုပ်စု(က) ပထမ မြန်မာနှင့် အုပ်စု(ခ) ဒုတိယ မလေးရှားတို့ အကြိုဗိုလ်လုပွဲ(၁)အဖြစ် နိုဝင်ဘာ ၁၈ ရက်နေ့က ကစားခဲ့ရသည်။

ပြီးစီးခဲ့တဲ့ မာဒေးကားအကြိုဗိုလ်လုပွဲမှာ လေးဂိုးပြတ်၍ ရှုံးနိမ့်ခဲ့ရခြင်းကို ခံပြင်းနေ၍ ရှုံးကြွေးပြန်ချေချင်နေသည့် မြန်မာ။ သုဝဏ္ဏကွင်းကြီး လျှံထွက်လုခမန်း၊ အထူးတန်းတွင် "မြန်မာဟေ့"၊ "မြန်မာဟေ့" ဟူသည့် ရင်ပွင့်မတတ် ကြွေးကြော်အားပေးနေသော ပရိသတ်ကြီး၏ အင်အားတို့ဖြင့် ပူးပေါင်းမိနေသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် လေးဂိုး-တစ်ဂိုးဖြင့် မလေးရှားကို နိုင်လိုက်ပါပြီ။ ဒါတောင် လူကျွံဘောဖြစ်တယ်ဆိုပြီး နှစ်ဂိုးကို ဒိုင်လူကြီးက ခွင့်မပြုခဲ့လို့ မလေးရှား သက်သာသွားတယ်လို့ ဆိုရပါမည်။ အဲဒီနေ့က မြန်မာအသင်းဟာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ခြေစွမ်းပါပဲ။ ကစားကွက်ကောင်းတယ်၊ တိုက်စစ်ဆင်နိုင်တယ်၊ ဂိုးသွင်း သေချာကြတယ်၊ အပေးအယူ တိကျကြတယ်။ မြန်မာအသင်း လမိုင်းကပ်တဲ့ နေ့ပဲပေါ့။

### ဖိုင်နယ်မှာပြန်တွေ့ပြီ

အင်ဒိုနီးရှားဟာ ဘင်္ဂလားဒေ့ရှ်ကို နှစ်ဂိုး-ဂိုးမရှိနဲ့နိုင်၊ မြန်မာကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံး၊ အူလ်ဆန်ဟွန်ဒိုင်း(ကိုရီးယား)ကို အချိန်ပိုကစားပြီးတာတောင် သရေပွဲဖြစ်နေလို့ ပယ်နယ်တီနဲ့ အဆုံးအဖြတ်ပေးရာမှာ လေးဂိုး-သုံးဂိုးနဲ့နိုင်လို့ အင်ဒိုနီးရှား ဗိုလ်လုပွဲတက်သွားပါပြီ။ မြန်မာဆိုတာက အင်ဒိုနီးရှားကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီးသားပါ။ အင်ဒိုနဲ့ မြန်မာ ဘောလုံးသမိုင်းကို ပြန်ကြည့်တော့ ယခုဗိုလ်လုပွဲမတိုင်မီ (၃၄)ကြိမ် ဆုံဖူးပါတယ်။ မြန်မာက (၁၄)ကြိမ်နိုင်ပြီး အင်ဒိုနီးရှားက (၁၃)ကြိမ် နိုင်ပါတယ်။ သရေပွဲဖြစ်တာက ခုနစ်ကြိမ်ပါ။ အနီးကပ်ဆုံး ငါးပွဲရဲ့ အခြေအနေကိုပြန်ကြည့်ရင်-

| | |
|---|---|
| ၁၅-၁၂-၂၀၀၂ | မြန်မာ ၀း၀ အင်ဒိုနီးရှား |
| ၂၅-၈-၂၀၀၆ | မြန်မာ ၀း၀ အင်ဒိုနီးရှား |
| ၂၉-၈-၂၀၀၆ | မြန်မာ ၂း၁ အင်ဒိုနီးရှား |
| ၂၅-၈-၂၀၀၈ | မြန်မာ ၀း၄ အင်ဒိုနီးရှား |
| ၁၅-၁၁-၂၀၀၈ | မြန်မာ ၂း၁ အင်ဒိုနီးရှား |

လို့ မှတ်တမ်းမှာ တွေ့ပါတယ်။

ရန်ပိုင် ဒဏ်ရာရရှိမှုမှာ မသက်သာသေးသော်လည်း စိုးမြတ်မင်း အနေနဲ့ ဒဏ်ရာပြင်းပြင်းထန်ထန် မရှိပါ။ ကျန်ဘောလုံးသမားတွေဖြစ်တဲ့ မျိုးမင်းထွန်း၊ ပိုင်စိုး၊ အောင်ကျော်မိုး၊ အောင်အောင်ဦး၊ မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ခင်မောင်လွင်၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ ကျော်သီဟ၊ ထွန်းထွန်းဝင်းတို့ဟာ ဗိုလ်လုပွဲအတွက် အသင့်ရှိနေကြပါပြီ။ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း မလေးရှားကို မြန်မာနိုင်တဲ့နေ့က ဘောလုံးသမားတိုင်း တစ်ဦးကို ငွေကျပ် တစ်သိန်းကျစီ ချီးမြှင့်ပေးခဲ့ပါသေးတယ်။

ဘောလုံးဝါသနာရှင် ပြည်သူတွေ မြန်မာ့ရုပ်မြင်သံကြားက တိုက်ရိုက်လွှင့်ထုတ်မှုကို ကြည့်ရှုအားပေးနေကြသလို သုဝဏ္ဏကွင်းမှာရှိမယ့် မြန်မာဘောလုံးပရိသတ်ကြီးကလည်း ရင့်ပွင့်မတတ် ကြွေးကြော်အော်ဟစ် အားပေးနေကြဦးမှာပါ။ တစ်ပြိုင်တည်းဆိုသလို မြန်မာဘောလုံးအသင်းရဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကလည်း ဖိုင်နယ်မှာ မြန်မာနိုင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါလိမ့်မယ်။

# (၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၂၂-၁၁-၂၀၀၈)

## (၈၈) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး။

## ❑ နိုင်ငံတကာမှ

နိုင်ငံတကာ အာကာသစခန်းယာဉ်၏ အာကာသယာဉ်မှူးများအဖွဲ့ကို ခြောက်ဦးအထိ နှစ်ဆတိုးမြှင့်မည် ဖြစ်သည်။

အိုင်အက်စ်အက်စ်သည် နိုင်ငံတကာ အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း၌ အကြီးကျယ်ဆုံးပင် ဖြစ်ကြောင်း အမေရိကန်၊ ရုရှား၊ ဂျပန်၊ ကနေဒါ၊ ဘရာဇီးနှင့် ဥရောပ အာကာသ အေဂျင်စီတွင် ပါဝင်သော နိုင်ငံ ၁၁ နိုင်ငံတို့က အာကာသ စူးစမ်းလေ့လာရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ လေကြောင်းနှင့် အာကာသပြတိုက်မှ သမိုင်းပညာရှင် ဂျွန်လော့ဒ်ဆင်က ပြောကြားသည်။

အင်္ဂါဂြိုဟ်ကဲ့သို့ အခြားသော ဂြိုဟ်များသို့ လူသားများသွားရောက်ရာတွင် တွေ့ကြုံရနိုင်သော အကျိုးဆက်များကို လေ့လာနိုင်ရန် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ ပြုလုပ်သည့် လက်တွေ့စမ်းသပ်ချက်များက အထောက်အကူပေးမည်ဖြစ်ကြောင်း၊ ဒြပ်ဆွဲအားကင်းမဲ့သည့် အခြေအနေတွင် လူသားများ အသက်ရှင် နေထိုင်နိုင်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို လေ့လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အာကာသအတွင်း အာကာသယာဉ်မှူးများ သောက်သုံးရန် ရေ၊ စားသုံးရန် စားနပ်ရိက္ခာ ရရှိအောင် မည်သို့ပြုလုပ်နိုင်မည်ကို လေ့လာလျက်ရှိကြောင်း၊ အာကာသအတွင်း စားပင်သီးပင်များကို စိုက်ပျိုးနိုင်အောင် သိပ္ပံရေးရာ စူးစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အာကာသစခန်းယာဉ်သည် အာကာသဆိုင်ရာ စူးစမ်းလေ့လာမှုပြုလုပ်ရန် အကောင်းဆုံးနေရာပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်။**

## Air Bagan Open Golf Championships

## ဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူးကျင်းပ၍ Air Bagan Ltd., က အဓိက ကူညီပံ့ပိုးမည့် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap O-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole-In-One ဆုရရှိသူများအား သက်ဆိုင်ရာကျင်းများအလိုက် Sponsors များက ဆုများကို ချီးမြှင့်ကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် နိုဝင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ကွင်း (၉)မိုင် ဖုန်း- ၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၅၀၁၇၀၄၉နှင့် Pyin Oo Lwin Golf Club တို့၌ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အာစရိယပူဇော်ပွဲ အလှူငွေများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲ ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသော ဦးမျိုးဇော်ထွန်း-ဒေါ်ဝတ်ရည်ထွေး၊ သမီး ကေခိုင်မျိုး၊ စုသက်မျိုး "ကေခိုင်ကုမ္ပဏီမိသားစု"က လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ ကို ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်နှင့် အတွင်းရေးမှူး ဦးသိန်းထွန်းတို့က လက်ခံရယူကြပြီး စုစုပေါင်း လှူဒါန်းငွေပေါင်းမှာ ၇၆ သိန်းကျော်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ "ပျဉ်းမနားအဖေကြီး၊ ဓမ္မာရုံ"၌ ကျင်းပမည်ဖြစ်ရာ ဦးကျော် ဖုန်း- ၀၁-၅၇၇၉၄၉၊ ဦးသိန်းထွန်း ဖုန်း- ၀၉၉၉-၇၁၈၃၄၊ ဦးဝင်းရှိန်-ဒေါ်စိုး ဖုန်း ၀၁-၅၁၁၁၀၇၊ ဒေါက်တာဒေါ်ပြုံးအေး ဖုန်း- ၀၁-၂၅၄၃၇၈၊ ဦးမောင်မောင်ဦး (ဟိန်းလတ်) ဖုန်း- ၀၉၅၁-၅၈၅၁၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၁-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၇း၅၅ ၅။ ငှါသရောက်ရေလှောင်တမံ
- ၈း၁၀ ၆။ အကပြိုင်ပွဲ
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ **"ငှက်တစ်သောင်း" (ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး)**
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၂း၅၀ ၁။ **တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ (တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်) (ဗိုလ်လုပွဲ) (မြန်မာနှင့် အင်ဒိုနီးရှား)**
- ၅း၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅း၁၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ
- ၅း၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၄၅ ၅။ တေးဂီတအစီအစဉ်
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၈။ သုတစုံလင်ရွှေညဏ်ရှင်
- ၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၂၈)**
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၄၈)**
- ၁၄။ အစီအစဉ်ပြီး၏။



**မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် ဘုန်းကြီးကျောင်းရှေ့လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ ရက်က ဆောင်ရွက်ရာ လုပ်ငန်းခွင်၌ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ပိုပိုချစ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိက ကွင်းဆင်း ကြီးကြပ်၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးစဉ်။** (မြို့နယ်/စည်ပင်)

## ❀ အနောက်တိုင်းပုံစံမှ

ပိုမိုထိရောက်စေကြောင်း နှလုံးရောဂါဆိုင်ရာပညာရှင် ဒေါက်တာဆာလင်ယုဆက်ဖ်က သတင်းထောက်များအား အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

အကယ်၍ ကျန်းမာရေးနှင့် ညီညွတ်သော ဓာတ်စာများကို စားသုံးပါက နှလုံးရောဂါဖြစ်ပွားမှုကို ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ အမှန်တကယ် လျော့ကျစေသည်။ ထို့ပြင် ယင်းသို့ ပြုလုပ်သွားပါက ဆေးဝါးသုံးစွဲမှုထက် ပိုမိုကောင်းမွန်ပြီး နှလုံးရောဂါကိုပါ ကာကွယ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

စမ်းသပ်လေ့လာမှုအရ အနောက်နိုင်ငံများ၏ပုံစံအတိုင်း အစားအစာများကို စားသုံးပါက နှလုံးရောဂါဖြစ်ပွားမှုကို ၃၅ ရာခိုင်နှုန်း မြင့်တက်စေကြောင်း တွေ့ရှိခဲ့ရသည်ဟု သတင်း၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# အာကာသအတွင်းမှ နမော်နမဲ့ ဖြစ်ရပ်များ

**အိုင်အက်စ်အက်စ် နိုဝင်ဘာ ၁၉**

ကျောပိုးအိတ်အရွယ်ရှိ လုပ်ငန်းသုံးကိရိယာများထည့်သည့် အိတ်အတွင်း ချောဆီထည့်သည့်ကိရိယာ ပွင့်ထွက်ခဲ့ရာမှ အာကာသလေဟာနယ်အတွင်းသို့ အဆိုပါ ကိရိယာအိတ် မျောပါသွားခဲ့ရသည့် ဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် အမျိုးသား အာကာသအေဂျင်စီ(နာဆာ)မှ အမျိုးသမီး အာကာသယာဉ်မှူး ဟယ်ဒီမရီစတက်ဖ်နီရှင်းပိုက်ပါမှာ အာကာသယာဉ်မှူးတစ်ယောက် မမှားသင့်သော အမှားကို ပြုလုပ်ခဲ့မိသား ဖြစ်နေသည်။

"ဟယ်- ငါတို့ပစ္စည်းတစ်ခုတော့ ဆုံးပါပြီ"ဟု ရေရွတ်ရင်း မျောလွင့်ပါသွားသော အိတ်ကို သူမက ငေးကြည့်နေခဲ့သည်။

ပစ္စည်းထည့်သည့် အိတ်အတွင်း ချောဆီထည့်သည့် သေနတ်ကိရိယာ ယိုစိမ့်မှုဖြစ်ပွားရာမှ အိတ်အတွင်းရှိ အခြားပစ္စည်းများကိုလည်း ချောဆီများ မတော်တဆ စိုသွားခဲ့ပုံရသည်။ မျောပါသွားသော အိတ်ကို ဆယ်ယူနိုင်ရန် သူမက ကြိုးပမ်းခဲ့သော်လည်း ကမ္ဘာ့ဆွဲအား အလွန်အမင်း လျော့နည်းနေသည့် အခြေအနေကြောင့် အောင်မြင်မှုမရခဲ့ပေ။

နာဆာမှ အာကာသယာဉ်မှူးများ အနေဖြင့်လည်း အာကာသအတွင်း မျောပါသွားသော အိတ်နှင့် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာအာကာသစခန်းယာဉ် (ISS)တို့ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း မတိုက်ခိုက်မိစေရေး သေချာစေရန် နောက်ထပ်ရက်အနည်းငယ်အထိ စောင့်ကြည့်နေကြရဦးမည် ဖြစ်သည်။

အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့သည့်တိုင် နာဆာမှ အာကာသယာဉ်မှူးများအနေဖြင့် အာကာသစခန်းယာဉ် ပြင်ပရှိ နေရောင်ခြည်စွမ်းအင် ရယူသည့် ရောင်ပြန်ပြားများကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် အဆက်အစပ်နေရာများတွင် ချောဆီထိုးခြင်း လုပ်ငန်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်ပေါ်မှ အာကာသယာဉ်မှူးများ အာကာသအတွင်း အလုပ်လုပ်ရာမှ ပျောက်ဆုံးခဲ့သည့် ပစ္စည်းများအပါအဝင် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ဦးတည်ရာမဲ့ လွင့်မျောနေသော အာကာသအမှိုက်သရိုက်များ၏ အရေအတွက်မှာ ကမ္ဘာ့မြေပြင်ပေါ်ရှိ သုတေသနပညာရှင်များ၏ စိုးရိမ်စိတ်ကို ပိုမိုကြီးထွားလာစေလျက်ရှိသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်းက အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်မှ အာကာသ ယာဉ်မှူးနှစ်ဦး ယာဉ်ပြင်ဆင်ရေးဆောင်ရွက်နေစဉ် ၁၄ လက်မအရွယ် ပူတင်းဖို့သည့် ဓားတစ်လက် ပျောက်ဆုံးခဲ့ဖူးပြီး လွန်ခဲ့သည့် လများစွာအတွင်းကလည်း အာကာသယာဉ်မှူးတစ်ဦး၏ ပေါ့ဆမှုကြောင့် မူလီတစ်ခုနှင့် စပရင်၊ ဝါရှာများ အာကာသအတွင်း ပျောက်ဆုံးခဲ့ရဖူးသည်။

**အင်တာနက်။**

# ချယ်လ်ဆီးနှင့်လီဗာပူးတို့ အိမ်ကွင်းအားသာချက်ရှိ မန်ယူ၊ အာဆင်နယ်တို့ အဝေးကွင်း ပွဲကျပ်ကစားရမည်

**ပရီမီယာလိဂ်ပွဲစဉ်(၁၄) နိုဝင်ဘာ ၂၂၊ ၂၃၊ ၂၅**

ဝင်းတင်(ကြေးမုံ)

**ပရီမီယာလိဂ်ပွဲစဉ်(၁၃)အပြီးမှာ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ဟာ ရမှတ်တူပြီး ဇယားထိပ်ဆုံးက ဆက်လက်ဦးဆောင်နေကြပါတယ်။ တစ်ပွဲလျော့နေတဲ့ မန်ယူဟာ အာဆင်နယ်ကိုကျော်ပြီး တတိယနေရာကိုရောက်ရှိလာပါတယ်။ ဇယားအောက်ဆုံးမှာတော့ ဝက်စ်ဘရွန်း၊ စပါးနဲ့ ဘလက်ဘန်းတို့ရှိနေပြီး လက်ရှိအချိန်ထိ ရလဒ်ပိုင်းအညံ့ဆုံးအသင်းကတော့ တန်းတက် ဝက်စ်ဘရွန်းအသင်းပါ။**

**ချယ်လ်ဆီး-နယူးကာဆယ်**။ ။စကိုလာရီရဲ့ ချယ်လ်ဆီးဟာ လီဗာပူးကိုရှုံးပြီး နောက်ပိုင်းပွဲတွေမှာ အိမ်ကွင်း၊ အဝေးကွင်းမရွေး ရလဒ်ကောင်းများ ရရှိနေပြီး ဂိုးမြူးနေပါတယ်။ နယူးကာဆယ်ကတော့ ခုချိန်ထိတန်းဆင်းဇုန်နားမှာ တဝဲလည်လည်ပဲရှိနေပါသေးတယ်။ အစဉ်အလာအရရော သမ္မာနဲ့ အိမ်ကွင်းအားသာချက်ပါရှိနေတဲ့ ချယ်လ်ဆီးတို့ အမှတ်ပြည့်ရယူပြီး ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နေဦးမှာပါ။

**လီဗာပူး-ဖူလ်ဟမ်**။ ။ပရီမီယာလိဂ်မှာ ချယ်လ်ဆီးကဲ့သို့ပင်ခြေစွမ်းပြနေတဲ့အသင်းက ဘင်နီတက်ဇ်ရဲ့ လီဗာပူးပါ။ ရှေ့တန်းမှာ တောရက်စ်ပါရင် ဂိုးရဖို့မပူရတဲ့ လီဗာပူးတို့ အိမ်ကွင်း အမှတ်ပြည့်ရအောင်ကြိုးစားဦးမှာပါ။ ဧည့်သည် ဖူလ်ဟမ်တို့ နောက်ပိုင်းပွဲတွေမှာ ကြိုးစားအားထုတ်မှုကောင်းလာတာကြောင့် အဆင့်(၁၀)အထိတက်လာနိုင်ခဲ့ပါတယ်။ဒီပွဲမှာ အိမ်ရှင်နိုင်မှာဖြစ်ပေမယ့် ခက်ခဲစွာယှဉ်ပြိုင်ရမယ့် အနေအထားပါ။

**မန်စီးတီး-အာဆင်နယ်**။ ။မန်စီးတီးတို့ ပရီမီယာလိဂ်မှာ နိုင်ပွဲပျောက်တာ လေးပွဲဆက်တိုက် ရှိသွားပါပြီ။ ရလဒ်ပိုင်းကျဆင်းနေတဲ့ မန်စီးတီးဟာ သာမန်အနေအထားဆိုရင် အာဆင်နယ်ကို ယှဉ်နိုင်ဖို့ခက်ခဲမှာပါ။ ဒါပေမဲ့ အာဆင်နယ်ကွင်းလယ်မှာ အားထားရတဲ့ ဖာဘရီဂက်စ်ပွဲပယ်ခံထားရသလို ညာနောက်ခံလူ ဆက်ဂ်နာလည်း ဒဏ်ရာရထားပါတယ်။ ဒါကြောင့် နိုင်ပွဲပျောက်နေတဲ့ အိမ်ရှင်တို့ အာဆင်နယ်နဲ့တွေ့မှ နိုင်ပွဲပြန်တွေ့တော့မှာလားလို့ သံသယရှိစရာပါ။

**ဗီလာ-မန်ယူ**။ ။ဒီနှစ် ဗီလာရဲ့ ခြေဟာ ချန်ပီယံလိဂ်ဝင်အောင် ကြိုးစားရင်ရနိုင်တဲ့ အနေအထားပါ။ နှစ်သင်းလုံးခြေမှန်နေသလို ခြေစွမ်းချင်းကလည်း မကွာပါဘူး။ ၁၂ ရာသီဆက်တိုက် ဗီလာပါ့ခ်မှာ မန်ယူ တစ်ခါမှ မရှုံးခဲ့ဘူးဆိုပေမယ့် ဒီတစ်ကြိမ်တော့ မန်ယူတို့ အိမ်ရှင်ကို အမှတ်ခွဲပေးရဖို့ ရာခိုင်နှုန်းများနေပါတယ်။

ယခုတစ်ပတ်ပွဲစဉ်များတွင် မစ်ဒယ်ဘရော့၊ ပို့စ်မောက်၊ စတုတ်စီးတီး၊ စပါးနဲ့ ဆန်းဒါးလန်းတို့ အိမ်ရှင်အားနဲ့ အမှတ်ရအောင်ကြိုးစားလာမှာဖြစ်ပြီး အဲဗာတန်တို့ အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲရဦးမှာပါ။

ပရီမီယာလိဂ်ပွဲစဉ်(၁၄) ကစားမယ့်ပွဲများမှာ နိုဝင်ဘာ ၂၂ရက်(စနေနေ့)တွင် ချယ်လ်ဆီးနဲ့ နယူးကာဆယ်၊ လီဗာပူးနဲ့ ဖူလ်ဟမ်၊ မန်စီးတီးနဲ့ အာဆင်နယ်၊ မစ်ဒယ်ဘရော့နဲ့ ဘော်လ်တန်၊ ပို့စ်မောက်နဲ့ ဟူးလ်စီးတီး၊ စတုတ်စီးတီးနဲ့ ဝက်စ်ဘရွန်း၊ ဗီလာနဲ့ မန်ယူ၊ နိုဝင်ဘာ ၂၃ရက်(တနင်္ဂနွေနေ့)တွင် စပါးနဲ့ ဘလက်ဘန်း၊ ဆန်းဒါးလန်းနဲ့ ဝက်စ်ဟမ်း၊ နိုဝင်ဘာ ၂၅ရက် (အင်္ဂါနေ့) ညနက်တွင် ဝီဂန်နဲ့ အဲဗာတန်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။



ပရီမီယာလိဂ်တွင် သွင်းဂိုး ၁၂ ဂိုးဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာ။

**ပရီမီယာလိဂ်ပွဲစဉ်(၁၃)အပြီး ထိပ်ဆုံး ၁၀သင်းရပ်တည်မှုအခြေအနေ**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၁၃ | ၁၀ | ၂ | ၁ | ၃၂ |
| ၂ | လီဗာပူး | ၁၃ | ၁၀ | ၂ | ၁ | ၃၂ |
| ၃ | မန်ယူ | ၁၂ | ၇ | ၃ | ၂ | ၂၄ |
| ၄ | အာဆင်နယ် | ၁၃ | ၇ | ၂ | ၄ | ၂၃ |
| ၅ | ဗီလာ | ၁၃ | ၇ | ၂ | ၄ | ၂၃ |
| ၆ | ဟူးလ်စီးတီး | ၁၃ | ၆ | ၃ | ၄ | ၂၁ |
| ၇ | အဲဗာတန် | ၁၃ | ၅ | ၄ | ၄ | ၁၉ |
| ၈ | မစ်ဒယ်ဘရော့ | ၁၃ | ၅ | ၃ | ၅ | ၁၈ |
| ၉ | ပို့စ်မောက် | ၁၃ | ၅ | ၃ | ၅ | ၁၈ |
| ၁၀ | ဖူလ်ဟမ် | ၁၂ | ၅ | ၂ | ၅ | ၁၇ |

# မြန်မာနိုင်ငံအောက်ပိုင်းတွင် မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၂၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်** လွန်ခဲ့သော၂၄နာရီအတွင်းက ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ အောက်၄ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၅ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** တောင်ငူမြို့တွင် ၀ဒသမ ၀၇လက်မ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၁ရက်ညနေထိ ခန့်မှန်းချက်။** ။ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၅ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်) ၁၉-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၄ဒီဂရီဖာရင်ဟိုက်) ၂၀-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၁ ရာခိုင်နှုန်း ၂၀-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ ဒသမ ၇ နာရီခန့် ၁၉-၁၁-၂၀၀၈

# ၂၀၀၈ ခုနှစ် လူသစ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

**မြန်မာ့ကရာတေးဒို အားကစားအဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်နိုင်မှုများရရှိရေးအတွက် မျိုးဆက်သစ်အားကစားသမားများ ရရှိရန်ရည်ရွယ်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းအားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းညှိနှိုင်း၍ ၂၀၀၈ ခုနှစ် လူသစ်တန်းကရာတေးဒိုပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ ဗထူးအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။**

လူသစ်တန်း ကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း“ခတ”၊ အမျိုးသမီးအသင်းလိုက် “ခတ”၊ ကုမိတဲ့တွင် ၄၈ ကီလိုနှင့်အောက်၊ ၅၃ ကီလိုနှင့်အောက်၊ ကီလို ၆၀ နှင့်အောက်၊ ကီလို ၆၀ အထက်နှင့် အသင်းလိုက်ကုမိတဲ့စသည့် ပြိုင်ပွဲအမျိုးအစားများပါဝင်ကြပြီး အမျိုးသားတွင်တစ်ဦးချင်း “ခတ”၊ အသင်းလိုက် “ခတ” ၅၅ ကီလိုနှင့်အောက်၊ ကီလို ၆၀ နှင့်အောက်၊ ၆၅ ကီလိုနှင့် အောက်၊ ကီလို ၇၀ နှင့်အောက်၊ ၇၅ ကီလိုနှင့်အောက်၊ ၇၅ ကီလိုအထက်နှင့် အသင်းလိုက်ကုမိတဲ့စသည့် ပြိုင်ပွဲအမျိုးအစားများပါဝင်ကြသည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မန္တလေးမြို့ဗထူးအားကစားကွင်းသို့ နိုဝင်ဘာ ၂၆ ရက် နောက်ဆုံးထား၍သတင်းပေးပို့ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ပြိုင်ပွဲကာလနေ့စဉ် စားစရိတ်၊ ခရီးစရိတ်နှင့် တည်းခိုနေထိုင်မှုကို တာဝန်ယူကျခံဆောင်ရွက်ပေးမည်ဖြစ်သည်။

လူသစ်တန်းအဆင့် ကရာတေးဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဆုကြေးငွေအနေဖြင့် ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ် ၅၀၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ် ၃၀၀၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် ငွေကျပ် ၁၀၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဆုကြေးငွေအနေဖြင့် ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ်၁၀၀၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ် ၅၀၀၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် ငွေကျပ် ၃၀၀၀၀နှင့် အကောင်းဆုံးအားကစားသမားဆု တစ်ဆုလျှင် ငွေကျပ် ၅၀၀၀၀၀၊ တံခွန်စိုက်ဆုအတွက် ငွေကျပ် ၅၀၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ (အား/ကာ)

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်



# ကွင်းဆင်းစစ်ဆေး

**နိုဝင်ဘာ ၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးသတ်ရေကန် ဆောင်ရွက်ထားရှိမှုအား ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ကွင်းဆင်းစစ်ဆေးစဉ်။** (ပြည်နယ်စည်ပင်)

# (၁၄) ရက်ကြာ ပညာရေးအထောက်အကူပြုလေ့လာရေးစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၀

**စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) နှင့် နမ့်ယန်းနည်းပညာတက္ကသိုလ်သည် (NTU) တို့ပူးပေါင်း၍ (၁၄)ရက်ကြာ ပညာရေးအထောက်အကူပြု လေ့လာရေးစခန်းကို စီစဉ်ပြုလုပ်သွားမည်ဖြစ်သည်။**

အဆိုပါ ဆောင်းရာသီစခန်းကို မြန်မာနိုင်ငံမှ အသက် (၁၄) နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများ ပါဝင်နိုင်ပြီး မိဘအုပ်ထိန်းသူများလည်း အတူလိုက်ပါလေ့လာနိုင်ကြောင်း၊ ကျောင်းသား လူငယ်များသာမက ဘွဲ့လွန်/ပါရဂူဘွဲ့ တက်ရောက်လိုသည့်ကျောင်းသား၊ ကျောင်းသူများ၊ စင်ကာပူပညာရေးနှင့် ထိပ်တန်းတက္ကသိုလ်များအကြောင်း တစေ့တစောင်းသွားရောက် လေ့လာလိုသူများလည်း ထိုဆောင်းရာသီစခန်းသို့ ပါဝင်နိုင်ကြောင်း သိရှိရသည်။

သင်တန်းကို NUS နှင့် NTU တို့ပူးပေါင်းပြီး စင်ကာပူပညာရေး ကျွမ်းကျင်လက်မှတ်ရ AT&S Company Limited မှ ဦးဆောင်စီစဉ်ခြင်းဖြစ်ပြီး အဆိုပါပညာသင်စခန်းတွင် NUSနှင့် NTUမှ ပို့ချသော အထူးသင်တန်းချိန် ၁၂ ခု ပါဝင်သည်။ သင်တန်းချိန်တစ်ခုလျှင် နှစ်နာရီကြာမြင့်မည်ဖြစ်ပြီး NUS နှင့် NTU ရှိ အင်ဂျင်နီယာဌာန၊ သိပ္ပံနှင့်နည်းပညာဌာန၊ စီးပွားရေးနည်းပညာဌာန၊ ကွန်ပျူတာဌာန၊ အနုပညာဌာန၊ လူမှုရေးရာသိပ္ပံဌာန၊ ဥပဒေရေးရာဌာန အစရှိသည့် ဌာနပေါင်းစုံမှ ဘွဲ့သင်တန်းများ၏ အကြောင်းကို သက်ဆိုင်ရာကထိကများက ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

ထို့အပြင် NUS နှင့် NTU များရှိ ကမ္ဘာ့ထိပ်တန်း သုတေသနဌာနကြီးများဖြစ်သည့် အင်ဂျင်နီယာလက်တွေ့ခန်းများ၊ သိပ္ပံစမ်းသပ်ခန်းများ၊ ရုပ်ဗေဒလက်တွေ့ခန်း၊ ဆက်သွယ်ရေးနည်းများလက်တွေ့ခန်းတို့ကို ကျောင်းသား၊ ကျောင်းသူများအား လိုက်လံရှင်းလင်းပြသပေးမည်ဖြစ်သည်။

ဤဆောင်းရာသီစခန်းတွင် ပါဝင်မည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အင်(န်)ယူအက်(စ်) စာကြည့်တိုက်နှင့် ပြတိုက်တို့ကို သွားရောက် လေ့လာရမည်ဖြစ်ပြီး အခြားပညာပေးသင်ခန်းစာများနှင့် အင်္ဂလိပ်စာပို့ချမှုများလည်း ပါဝင်မည်ဖြစ်သည်။ အစီအစဉ်အရ NUS ကျောင်းသားဆောင်၌ ခုနစ်ညနေထိုင်ရမည်ဖြစ်ပြီး NTU ကျောင်းသားဆောင်၌ တစ်ဦးစီသီးသန့်ခန်းများဖြင့် နေထိုင်ရမည်ဖြစ်သည်။ နေ့စဉ် မနက်စာ၊ နေ့လယ်စာ၊ ညစာတို့ကို စီစဉ်ကျွေးမွေးမည်ဖြစ်ပြီး အဆောင်၌နေထိုင်စဉ်ကာလအတွင်း အင်တာနက်နှင့် ကျောင်းသား အားကစားကွင်းများကို အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ဤဆောင်းရာသီပညာသင်စခန်း၌ ပါဝင်မည့် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတတိုးပွားစေရန် စင်ကာပူအမျိုးသားစာကြည့်တိုက်၊ သဘာဝသမိုင်းပြတိုက်၊ စင်ကာပူ ရုက္ခဗေဒဥယျာဉ်၊ စင်ကာပူ ဒစ္စကာဗာရီပြတိုက်တို့ကိုလည်း သွားရောက်လေ့လာရမည်ဖြစ်သည်။

ဤလေ့လာရေးစခန်းသို့သွားရောက်လိုသော ကျောင်းသား၊ ကျောင်းသူများ လူငယ်များအနေဖြင့် ဒီဇင်ဘာ ၅ ရက် နောက်ဆုံးထား၍ AT&S Co.,Ltd. သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ခရီးစဉ်ကုန်ကျစရိတ်နှင့် ခရီးစဉ်အသေးစိတ်ကို သိရှိလိုပါက အဆောင်(၅)၊ အခန်း(၄)၊ မြန်မာအင်ဖိုတက် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-(၆၅၂၂၅၈၊ ၆၅၂၂၈၈၊၆၅၂၃၂၀၊၀၉၅၀၆၂၁၆၁) တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့
## ကြေညာချက်အမှတ် (၁/၂၀၀၈)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မယ်လမင်းပါဝင်သည့် မသန့်ရှင်းသောနို့မှုန့်နှင့် ဆက်နွယ်သည့် ဘေးအန္တရာယ်များမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့က ဈေးကွက်ရှိ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းအချို့ကို စစ်ဆေးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ၉-၁၀-၂၀၀၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်-၄၁/၂၀၀၈ဖြင့်လည်းကောင်း၊ ၁၃-၁၀-၂၀၀၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်-၄၂/၂၀၀၈ ဖြင့်လည်းကောင်း ပြည်သူများ စားသုံးရန် မသင့်သည့် မယ်လမင်းပါဝင်သော နို့မှုန့်များစာရင်းကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် တစ်ကြိမ် စစ်ဆေးရုံဖြင့် အစဉ်အမြဲ စားသုံးရန်မသင့်ဟု သတ်မှတ်နိုင်မည် မဟုတ်ပါ။ ထုတ်လုပ်သော အသုတ်အလိုက် (Batch by batch) စစ်ဆေးရမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများတွင် မယ်လမင်းပါဝင်မှုရှိ၊ မရှိစစ်ဆေးဆောင်ရွက်ရာ၌ လုပ်ငန်းများ ပိုမိုထိရောက်စွာ ပူးပေါင်းနိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ်ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်-(၄၅/၂၀၀၈) ဖြင့် ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၅ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူ စားသုံးရန် အန္တရာယ်ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့သည် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းတွင်ပြန်လည်ပြုပြင်ထုပ်ပိုးရောင်းချခြင်း၊ ပြည်တွင်း၌ပင် ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်သည့် နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ စမ်းသပ်စစ်ဆေးရာ၌ တစ်နှစ်အောက်ကလေးငယ်များ သောက်မည့်နို့မှုန့်တွင် မယ်လမင်းပါဝင်မှု ၁ ပီပီအမ် (1 Part Per million)၊ ကလေးနှင့်လူကြီးများ စားသောက်မည့် နို့မှုန့်နှင့်နို့ထွက်ပစ္စည်းများပါဝင်သော အစားအသောက်များတွင် မယ်လမင်းပါဝင်မှု ၂ ဒသမ ၅ ပီပီအမ် (2.5 Part Per million)ထက် ပိုမိုပါဝင်မှုမရှိလျှင် အများပြည်သူစားသုံးရန် အန္တရာယ်မရှိကြောင်း ယာယီအားဖြင့် သတ်မှတ်ထားသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

၄။ ဤကဲ့သို့ စမ်းသပ်စစ်ဆေးမှုများအရ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့က စစ်ဆေးအတည်ပြုထားသည့် အန္တရာယ်မရှိသော နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများ စာရင်းကို အောက်ပါအတိုင်း ကြေညာထုတ်ပြန်လိုက်သည်-

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | ထုတ်လုပ် အပတ်စဉ် |
|---|---|---|---|
| 1 | Evaporated Creamer | Dawn Brand | L04PC L16PC L23PC L26PC |
| 2 | Sweetened Beverage Creamer | Dawn Brand | E 20W L 18W E 12W L 16W L 18W F 20W L 08W |
| 3 | Unsweetened Evaporated Filled Milk | My Boy Brand | 1A 23:58 2B 17:25 2B 17:24 3A 02:10 3A 02:10 1A 23:59 2B 18:41 2A 07:53 |
| 4 | Sweetened Condensed Beverage Creamer | My Boy Brand | 4 05:13 4 04:50 |
| 5 | Evaporated Creamer | Cow Bell Brand | E 26PC |
| 6 | Sweetened Beverage Creamer | Cow Bell Brand | E 15W |
| 7 | Sweetened Condensed Non Dairy Creamer | Falcon Brand | 2 00:44 5 07:04 |
| 8 | Sweetened Creamer | F & N Brand | SM 1 09:05H |
| 9 | Sweetened Beverage Creamer 390gm | Marigold Brand | E 25W |
| 10 | Sweetened Beverage Creamer 390gm | Crown Brand | T 2 01:34 T 1 16:07 |
| 11 | Lactogen 1 Prebio 1 GOS/FOS ARA/DHA 900gm | Nestle Brand | 73310189 1A |
| 12 | Lactogen 1 Prebio 1 GOS/FOS ARA/DHA 700gm | Nestle Brand | 80400189 6B 80870189 6A |
| 13 | Lactogen 1 Prebio 1 GOS/FOS ARA/DHA 350gm | Nestle Brand | 80400189 4B |
| 14 | Lactogen 2 Prebio 1 GOS/FOS ARA/DHA 700gm/box | Nestle Brand | 81670189 6A 82140189 6A |
| 15 | Lactogen 2 Prebio1 GOS/FOS ARA/DHA 900 gm/tin | Nestle Brand | 80770189 1A |
| 16 | Lactogen 2 Prebio1 GOS/FOS ARA/DHA 350 gm/box | Nestle Brand | 73550189 4B |
| 17 | Bright Kid 4+Milk Powder 400gm/box | Bright Brand | PHGD 182 |
| 18 | Bright Kid4+Milk Powder (Chocolate) 180gm/box | Bright Brand | PHED 064 |
| 19 | Bright Kid 4+Milk Powder(Chocolate) 400gm/box | Bright Brand | PHED 120 |
| 20 | Bright Junior 2+ Growing-up Milk 180gm/box | Bright Brand | PHDD 058E |
| 21 | Bright Junior 2+ Growing-up Milk 1000gm/tin | Bright Brand | PHDD 060E |
| 22 | Weight Gain Milk Formula (Adult) 450 gm/tin | Appeton | 56439194 |
| 23 | Weight Gain Milk Formula(3-12 Year) 450 gm/tin | Appeton | 57628318 |
| 24 | Infant Formula Milk 350 gm/tin | Mylac Excel Brand | 3417 |
| 25 | Follow up Formula Milk Powder 350 gm/tin | Hi-Nulac Excel Brand | 5017 |
| 26 | Whole Milk Powder 25 kg/bag | NZMP Brand | HS 19 LS 17 |
| 27 | Skim Milk Powder 25kg/bag | NZMP Brand | IS 28 AS 07 |
| 28 | Ensure Powder with Vanilla Flavour 1000gm/tin | Ensure Brand | 60136 QU 001583 |
| 29 | Pediasure Powder with Vanilla Flavour 900 gm/tin | Pediasur Brand | 63384YX |
| 30 | Pure Milk 1000ml | Cowhead Brand | LS 18 |
| 31 | Malt Based Food 400gm/bottle | Maltova Brand | J0206H |
| 32 | Sweet Whey Powder (45%Demineralized) 25kg/bag | Ostrowia Brand | 228/08 123/08 |
| 33 | Malted Milk 400gm/box | Ovaltine Brand | 080903 |
| 34 | Ovaltine (3in 1) 20gm/sachet | Ovaltine Classic Power-10 Brand | A080 623A5 |
| 35 | Nutritious Malted Drink(Chocolate) 400 gm/Jar | Ovaltine Power-10 Brand | 080913 |
| 36 | Sweet Cream Butter Milk Powder 25 kg/bag | MG Brand | 697 |
| 37 | Sweet Whey Powder 25 kg/bag | Mlekovita Brand | 228 |
| 38 | Milk Powder: Chocolate Flavour 200 gm/box | Prime(Enervon) Brand | PHHD 265 |
| 39 | Milk Powder: 200 gm/ box | Prime (Enervon) Brand | PHFD 169 |
| 40 | Full Cream Milk Powder 25 kg/bag | Golden River Brand | 08023 |
| 41 | Whipping Cream | President | 1204 |
| 42 | UHT Fresh Milk | Magnolia | 8334/046 |
| 43 | Full Cream Milk | Marigold | 9222/045 |
| 44 | Full Cream Milk | Dutch Lady | BCWC 09:07 |
| 45 | Milo Milk 200 ml | Nestle | 81933700 |
| 46 | Sweetened Condensed Creamer | Brownhead | N 103 |
| 47 | Sweetened Condensed Filled Milk | Ship Brand | 2 |
| 48 | Soy Follow-on Formula 400 gm/tin | Isomil 2 Advance Brand | 58271 NR |
| 49 | Growing-up Milk Powder 900gm/tin | Gain IQ Brand | 63543 NT |
| 50 | Glucema SR Powder (Vanilla Flavour) 900 gm/tin | Glucema SR Brand | 64144 QU 01003254 |
| 51 | Non-Dairy Creamer 25kg/bag | - | - |
| 52 | Non Dairy Creamer 25kg/bag | - | 11-15 |
| 53 | Donut Mix | - | 0921 |
| 54 | Complete Nutrition in A Tasty Drink 1000gm/tin | Heinz Complan Brand | 17526 NZ 888 |
| 55 | Complan Vanilla Flavour 55gm/sachet | Complan Brand | 67207 |
| 56 | Sweetened Beverage Creamer | OK | L 08 W K 01 W |
| 57 | Evaporated Creamer | OK | L 30 PC L 15 PC K 10 PC L 30 PC |
| 58 | Evaporated Creamer | Carnation | 82273 00068 |
| 59 | Sweetened Beverage Creamer | Carnation | 8228000 7D |
| 60 | Non-Dairy Creamer | - | 07M-CIL-215 |
| 61 | Topping Cream 1 Lit/pkt | Red Man | 2345.473 |
| 62 | UHT Soy Milk Plus Green Tea (Vegetarian Formula Lactasoy) 1000ml | Lactasoy | QC 5 |
| 63 | UHT Soy Milk Original Classic 250ml | Lactasoy | 4 D 6 |
| 64 | UHT Soy Milk Plus Green Tea (Vegetarian Formula Lactasoy) 125ml | Lactasoy | 5-6-23CF1 |
| 65 | UHT Soy Milk Original Classic 125ml | Lactasoy | 18098 GB |
| 66 | Non-Dairy Creamer 25kg/bag | - | - |
| 67 | Non-Dairy Creamer 25kg/bag | - | S 99 R 08 08-65 |
| 68 | Milk Powder-Dulac Infant Formula Step-1 350gm/tin | Dumex | YT 34/2 |
| 69 | Milk Powder-Dulac Infant Formula Step-1 650gm/pouch | Dumex | 0709 |
| 70 | Milk Powder-Dulac Infant Formula Step-1 800gm/tin | Dumex | YR 14/1 |
| 71 | Milk Powder Dugro1 Plus (Fine Cereal) 650gm/pouch | Dumex | 04/13 |
| 72 | Milk Powder Dugro 1Plus 1.6kg/tin | Dumex | YT 25/1 |
| 73 | Milk Powder Dugro 1Plus 650gm/Pouch | Dumex | 06144 |
| 74 | Milk Powder Dugro 3 Plus 650gm/Pouch | Dumex | 08043 |
| 75 | Milk Powder-Dupro Follow Up Formula Step 2 650gm/Pouch | Dumex | 220808 |
| 76 | Full Cream Milk Powder 650gm/Pouch | Dumex | 290508 |
| 77 | Lactose Free Special Infant Formula 400gm/tin | Mamex LF | TGSPELF 0400TNM Y001 |
| 78 | Milk Formula Step 4 1.6 kg | Mamil Gold | FGMG4RG FGMG4RG |
| 79 | Infant Formula 400gm/tin | Mamex Gold | YT 30/2 |
| 80 | Follow up Formula Step-2 400gm/tin | Mamex Gold | YR 12/2 |
| 81 | Milk Formula Step -3 900gm/tin | Mamil Gold | FGMG3 RG 0900 TNMY 17 |
| 82 | Milk Formula Vinilla (During Pregnacy, Breast Feeding) 400gm/tin | Dumex Mamil Mama | 06.2 |
| 83 | Malt Based Food 500gm Pouch | Horlick | D 016 H |
| 84 | Malt Based Food 400gm Jar | Horlick | R 2486H |
| 85 | Malt Based Food 900gm Jar | Horlick | R 2412 H |
| 86 | Malt Based Food 200gm Jar | Horlick | R 2485 H |
| 87 | Milk Powder | Rainbow | 02 F1 |
| 88 | Instant Whole Sweet Milk Powder | Two Cows | 2008 F 0501 |
| 89 | Whole Fat Sweet Milk Powder | Shi lin | 20080210 |
| 90 | Non Dairy Creamer Coffee & Me | Super | 07-10-2010 |
| 91 | Instant Coffee Mix 3 in 1 | Super | BN 5112 |
| 92 | Whole Sweet Milk Powder 400gm/plastic pack | Two Butterflies Brand | |
| 93 | Kid UHT Milk 125ml | Indo Milk | 3FGJ |
| 94 | UHT Sweetened Milk Strawberry 200 ml | Indo Milk | 15 C 10 |
| 95 | UHT Full Cream Milk Plain 1 Litre | Indo Milk | 2 B 1 C 07 |
| 96 | Sweetened Beverage Creamer 397 gm/tin | Dairy Gold | GK201(A) |
| 97 | Sweetened Beverage Creamer 397 gm/tin | Dairy Queen | DM 232(A) |
| 98 | Evaporated Filled Milk 410 gm/tin | Dairy Queen | DN 031 (C) |
| 99 | Sweetened Beverage Creamer 308gm/tin | One Tea | 174/2 05:52.22 |
| 100 | Sweetened Beverage Creamer 308gm/tin | ဘိုမြင်းဆွဲ | 174/2 00:33:42 |
| 101 | Sweet Whey Powder (45%Demineralized) 25 kg/bag | Ostrowia | 228 |
| 102 | Pure Whole Milk 1 Litre Pouch | Paul's Brand | 4:454 |
| 103 | UHT Whipping Cream 200 ml/pkt | Emborg | T 178 |
| 104 | Infant Formula Similac Stage 1 900 gm/tin | Similac | 64100 NT |
| 105 | Infant Formula 650 gm/pouch | Enfalac A+ | QFN 24 A 32 P2 |
| 106 | Nutritious Drink 400gm/box | Malted Milk Ovaltine Brand | 080807 |
| 107 | Coffee Mate 454gm/pkt | Carnation | 7330589006 |
| 108 | Coffeemix 20gm/sachet | Nescafe My Cup | 81660534 A |
| 109 | Coffeemate (Low Fat Coffee Enhancer) 450 gm/box | Nestle | 01:28 |
| 110 | Dry Cereal for Infant Stage 2 Wheat Banana & Milk 120 gm/box | Nestle | 80111135RE 18:52 |
| 111 | Wheat & Milk DHA Cerealac Stage 1 250gm/box | Nestle | 82361135 11:33VA |
| 112 | Non Dairy Creamer 3gm x 50 sachet | Nestle | 82000532 MA |
| 113 | Milo Milk 200 ml | Nestle | 81933700 |
| 114 | Butter Scotch Candy | Bonjour | - |
| 115 | Latte Candy | Bonjour | - |
| 116 | Skimmed Milk Powder Gold 51+Plus | Anlene | B-10:03 |
| 117 | Whole Sweet Milk Powder | Dieguan | 2 |
| 118 | Nutritious Drink Proten Vanilla | - | MB 87138 |
| 119 | Nutrient Supplement (Vanilla) (1 lb 6 oz/630 gm) | Body Fit | 018198 NLH 310344 |
| 120 | UHT Drinking Thai Traditional Coffee | - | 04:58 |
| 121 | UHT Drinking Thai Traditional Tea | - | 13:17 |
| 122 | UHT Plain Milk | - | 23A09:47 C11 |
| 123 | Formulated Milk Powder for children | Progress Gold | 8E21A1 11:39 |
| 124 | Nutritious Drink 400 gm/Jar | Ovaltine Classic Power-10 | 080922 |
| 125 | Nutritious Drink 400 gm/Jar | Ovaltine Malted Milk | 080809 |
| 126 | Nutritious Drink 400 gm/bag | Ovaltine Malted Milk | 080808 |
| 127 | Milk Powder 900 gm/tin | Hi-Nulac | 5017 |
| 128 | Milk Powder 900 gm/ tin | Mylac Excel | 3417 |

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆



နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည့်
မြန်မာနှင့် မလေးရှားပွဲမှ မြန်မာပရိသတ်။

# Grand Royal ပြိုင်ပွဲ မြန်မာနှင့် အင်ဒိုနီးရှား ဗိုလ်လုပွဲ အခြေအနေ

**နောင်ပုရိန်**

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် IBTC တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် Grand Royal Challenge Cup 2008 ပြိုင်ပွဲသည် ယနေ့ အောင်မြင်စွာ ကျင်းပပြီးစီးတော့မည်။ ထို့အတူ ယနေ့ညနေ ၃ နာရီအချိန် သုဝဏ္ဏဘောလုံးကွင်းကြီးထဲတွင် မြန်မာနှင့် အင်ဒိုနီးရှားတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။**

**မြန်မာအသင်းရဲ့ လျှောက်လမ်း**

၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်၏ ညနေခင်းသည် သာယာစိုပြည်နေသည်။ ထိုနေ့က မြန်မာအသင်း၏ ပွဲဦးထွက်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ယှဉ်ပြိုင်ကစားရသည်။ နိုင်ခြေရှိလျက် သရေပွဲဖြစ်ရသည်။ အမာခံကစားသမားများဖြစ်သည့် စိုးမြတ်မင်း၊ ရန်ပိုင်၊ မင်းသူ၊ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်းတို့ ထုတ်သုံးခဲ့သော်လည်း သရေပွဲ(ဂိုးမရှိ) ဖြစ်သွားသည်။ မြန်မာဘောလုံးပရိသတ်ကြီး မချင့်မရဲနှင့် သုဝဏ္ဏကွင်းကြီးထဲမှ ပြန်လာကြရသည်။ ပြိုင်ပွဲအုပ်စုကျော်နိုင်ရန် အင်ဒိုနီးရှားကို ကျားကုတ်ကျားခဲ ကစားရတော့မည်။ နိုဝင်ဘာ ၁၅ ရက်နေ့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

**အင်တာနက်သတင်း**

## အနောက်တိုင်းပုံစံ စားသောက်မှု နှလုံးရောဂါဖြစ်ပွားမှုကို မြင့်တက်စေနိုင်

**အော့တဝါ နိုဝင်ဘာ ၂၀**

ကမ္ဘာပေါ်ရှိ နှလုံးရောဂါဝေဒနာရှင် ၃၀ ရာခိုင်နှုန်းတွင် အနောက်တိုင်းပုံစံ အစားအစာများဖြစ်သည့် နီသောအသား၊ အကြော်အလှော်စသည့် အစားအစာ၊ အဆီအအိမ့်ပစ္စည်းများနှင့် အငန်ဓာတ်ပါသော သရေစာမုန့်များ စားသုံးခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားရကြောင်း ကနေဒါ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။

နိုင်ငံပေါင်း ၅၂ နိုင်ငံမှ လူပေါင်း ၁၆၀၀၀ ခန့်၏ စားသောက်မှုပုံစံကို လေ့လာပြီးနောက် ကျန်းမာရေးနှင့်ညီညွတ်သည့် အကောင်းဆုံး ဓာတ်စာဖြစ်သော လတ်ဆတ်သော အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးပေးပါက နှလုံးရောဂါဖြစ်ပွားမှုကို ၃၀ ရာခိုင်နှုန်း လျှော့ကျစေကြောင်း မက်စ်မာစတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။ ယင်းဓာတ်စာများကို စားသုံးပေးပါက နှလုံးရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ကျစေပြီး ဈေးကွက်တွင်းရှိ နှလုံးရောဂါကု ဆေးဝါးများကို သုံးစွဲခြင်းထက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✽



## နိုင်ငံတကာ အာကာသစခန်းယာဉ် သက်တမ်း(၁၀)နှစ် ပြည့်မြောက်

**ဘာသာပြန် - ရောမောင်**

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အာကာသတွင် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) တည်ရှိမှုမှာ နိုဝင်ဘာ ၂၀ ရက်တွင် (၁၀)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကမ္ဘာမြေပြင်အထက် မိုင် ၁၉၀ ခန့် (ကီလိုမီတာ ၃၅၀)အကွာ ဂြိုဟ်ပတ်လမ်းကြောင်းတွင် တည်ရှိသော နိုင်ငံတကာ အာကာသစခန်း၌ အာကာသယာဉ်မှူး သုံးဦးကို အမြဲထားရှိသည်။ အာကာသယာဉ်မှူးများသည် လအတန်ကြာကာလအထိ အိုင်အက်စ်အက်စ်တွင် တာဝန်ထမ်းဆောင်ကြသည်။ ၂၀၀၉ ခုနှစ်တွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

**ကြေးမုံ ပြည်တွင်း၊ ပြည်ပ သတင်း၊ ဆောင်းပါးအညွှန်း**

**နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံးနှင့် အကျုံးဝင် သက်ဆိုင်သည့် မွန်မြတ်အရေးပါသည့် လုပ်ငန်းစဉ်ကြီး ဖြစ်။**

**(ဆောင်းပါး)** **စာမျက်နှာ ၆**



**သဘာဝဘေးအန္တရာယ်သတင်းများ** **စာမျက်နှာ ၅**





**ပရီမီယာလိဂ် ပွဲစဉ် (၁၄) နိုဝင်ဘာ ၂၂၊ ၂၃၊ ၂၅**

**စာမျက်နှာ ၁၀**